


# မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း (MBEI)

# **စီးပွားရေး လုပ်ငန်းများအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုကိုဆန်းစစ်ခြင်း ဒုတိယအကြိမ်စစ်တမ်း**

The Asia Foundation

ဝန
DaNa Facility
Empowering Enterprise

UKaid
from the British people

# မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း (MBEI)
# စီးပွားရေး လုပ်ငန်းများအပေါ် COVID-19 ကမ္ဘာကပ်ရောဂါ သက်ရောက်မှုကိုဆန်းစစ်ခြင်း ဒုတိယအကြိမ်စစ်တမ်း

**ဦးဆောင်သုတေသီနှင့် စာရေးသူ**
Ville Peltovuori

**ပင်မသုတေသနအဖွဲ့**
မရစ်ဂျာဒိမ်
ကျော်သူ
ဉာဏ်ဝင်း
ဖြိုးဝေထွန်း
သီရိမောင်
ရဲဝဏ္ဏလှိုင်

**သုံးသပ်ပေးသူများ**
Richard Batcheler
Peter Brimble
မျိုးမျိုးမြင့်
Sunil Pillai
Peter Yates


**ဂရပ်ဖစ်ဒီဇိုင်းနှင့် ဓာတ်ပုံ**
ရဲထွတ်ဦး

**စာတည်း**
Ann Bishop

The Asia Foundation

© 2020 The Asia Foundation
ယခု အစီရင်ခံစာသည် အာရှဖောင်ဒေးရှင်း၏ မူပိုင်ဖြစ်ပြီး
အစီရင်ခံစာ၏ မည်သည့်အစိတ်အပိုင်းကိုဖြစ်စေ
အာရှဖောင်ဒေးရှင်း၏ ခွင့်ပြုချက်တစုံတရာမရှိဘဲ
ပြန်လည်ထုတ်ဝေခြင်း မပြုရ။

အမှတ် ၁၁၊ ကိုယ်မင်းကိုယ်ချင်း ရိပ်သာလမ်း
အနောက်ငါးထပ်ကြီးရပ်ကွက်
ဗဟန်းမြို့နယ်
ရန်ကုန်၊ မြန်မာ



# မာတိကာ


အဓိကတွေ့ရှိချက်များ ၄

၁။ မိတ်ဆက် ၆

၂။ သုတေသနနည်းလမ်း ၇

၃။ ရလဒ် ၉

- ၃.၁။ အထွေထွေကဏ္ဍ ၉
- ၃.၂။ စီးပွားရေး စွမ်းဆောင်ရည်များ ၁၁
- ၃.၃။ အခြေခံအဆောက်အအုံ ၁၄
- ၃.၄။ အလုပ်အကိုင်အခွင့်အလမ်း ၁၅
- ၃.၅။ ငွေကြေးအရင်းအနှီး ရရှိနိုင်မှု ၁၉
- ၃.၆။ အစိုးရ အထောက်အပံ့များ ၂၀
- ၃.၇။ ဘေးကင်းလုံခြုံမှု ၂၂

၄။ နိဂုံးချုပ်နှင့် အကြံပြုချက်များ ၂၄

ကျမ်းကိုးစာရင်း ၂၆

နောက်ဆက်တွဲ (၁) စီးပွားရေးလုပ်ငန်းများကို အကျိုးသက်ရောက်စေခဲ့သော Covid-19 နှင့်ဆက်နွယ်သည့် ရက်စွဲအလိုက် အဖြစ်အပျက်များ ၂၇

နောက်ဆက်တွဲ (၂) ပထဝီဝင်အနေအထား၏ အဓိပ္ပါယ် ပိုင်းခြား သတ်မှတ်ချက် ၃၀

နောက်ဆက်တွဲ (၃) သုတေသန နည်းလမ်း ၃၂

အခန်းဆုံးမှတ်စု ၃၆

# အဓိကတွေ့ရှိချက်များ

Covid-19 ရောဂါဆက်လက်ဖြစ်ပွားနေသဖြင့် မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ငန်းများ ရောင်းအားများနှင့် အမြတ်အစွန်းများရရှိရန် ဆက်လက်နှောင့်နှေးအေးစက်ဖွယ် ရှိနေသည်။ Covid-19 ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အာရှဖောင်ဒေးရှင်း (ဖောင်ဒေးရှင်း) ၏ဒုတိယစစ်တမ်းမှ တွေ့ရှိချက်အရ အကျိုးသက်ရောက်မှုများမှာ ကွဲပြားမှုများ ပိုမိုလာပြီး အချို့စီးပွားရေးလုပ်ငန်းများသည် ထိခိုက်မှုနည်းပါးခြင်းနှင့် ကူးစက်ရောဂါနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်သော်လည်း အချို့မှာ လုပ်ငန်းများ ဆက်လက် ပိတ်ထားရဆဲနှင့် အရောင်းမရှိ ဖြစ်နေဆဲဖြစ်ကာ လုပ်ငန်းပိုင်ရှင်များသည် သူတို့၏ စီးပွားရေးအနာဂတ် အတွက် စိုးရိမ်နေကြသည်။ မြန်မာနိုင်ငံ၏ မြို့ပြမြို့နယ်များဖြစ်သော ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ အဝတ်/အထည်အလိပ် ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများသည် အခြားနေရာများနှင့် အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက အများဆုံး ထိခိုက်ခံစားနေရသည်။

သို့သော် စီးပွားရေးစွမ်းဆောင်ရည်အပေါ် သိသာထင်ရှားသည့် တိုးတက်မှုများမရှိသော်လည်း စီးပွားရေးပိုင်ရှင်များသည် Covid-19 မှ စီးပွားရေးလုပ်ငန်းများ ဆက်လက် ရှင်သန်နိုင်သည့် အခွင့်အလမ်းများကို ပိုမိုအကောင်းမြင်လာကြသည်။ အစိုးရသည် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ထိခိုက်မှုများနိုင်မည့် လုပ်ငန်းအမျိုးအစားကို ဆက်လက်အထောက်အပံ့ပေးသင့်သည်မှာ ထင်ရှားသည်။ ထို့ပြင် အစိုးရသည် စီးပွားရေး စွမ်းဆောင်ရည် ကျဆင်းခြင်းနှင့် ပထဝီအနေအထား ကွဲပြားခြားနားမှုကြောင့် ပိတ်ချခြင်း (lockdown) အစီအမံများနှင့်/ သို့မဟုတ် Covid-19 ဖြစ်ပွားမှု အရေအတွက်ကြား ဆက်စပ်မှု ရှိနေနိုင်ခြင်းကို ထည့်သွင်း စဉ်းစားသင့်သည်။ အစိုးရအနေဖြင့် လူများ၏ ကျန်းမာရေးကို ဂရုစိုက် ကာကွယ်နေစဉ် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ ဆက်လက်လည်ပတ်စေရန် နောက်ထပ် အားထုတ်မှုများ ပြုလုပ်ရန် စဉ်းစားသင့်သည်။

အသေးစိတ်အားဖြင့် စက်တင်ဘာ - အောက်တိုဘာ ၂၀၂၀ တွင် ပြုလုပ်ခဲ့သော ဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် Covid-19 စစ်တမ်း၏ အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- စက်တင်ဘာလမှအောက်တိုဘာလ ၂၀၂၀ အတွင်းစစ်တမ်းကောက်ယူသည့်အချိန်တွင် ၃၆ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခဲ့ရပြီး ဧပြီ - မေလ ၂၀၂၀ တွင် ပြုလုပ်သော ဖောင်ဒေးရှင်း၏ ပထမဆုံးစစ်တမ်းတွင် ၂၈ ရာခိုင်နှုန်းခြင်းမှ တိုးမြင့်လာခဲ့ကြောင်း အစီရင်ခံခဲ့သည်။
- သို့သော် အပြန်အလှန်အားဖြင့် စီးပွားရေးလုပ်ငန်း ၂၄ ရာခိုင်နှုန်းသည် အပြည့်အဝ လည်ပတ်နေသည်ဟု အစီရင်ခံသည့် ဧပြီ-မေလနှင့် နှိုင်းယှဉ်လျှင် စက်တင်ဘာလ- အောက်တိုဘာလတွင် အဆိုပါရာခိုင်နှုန်းသည် ၃၄ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်။
- ၂၀၂၀ မေလနှင့် စက်တင်ဘာလများအတွင်း ၉ ရာခိုင်နှုန်း ခန့်သော စီးပွားရေးလုပ်ငန်းများ လုံးဝ ဖွင့်လှစ်ခြင်း မရှိခဲ့ပါ။ ဤကာလအတွင်း ဖွင့်လှစ်ခဲ့သော စီးပွားရေးလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းသည် အစိုးရ၏ စစ်ဆေးမှုကိုခံယူခဲ့ကြရပါသည်။
- ဖောက်သည်များမရှိခြင်းနှင့် လုံခြုံစိတ်ချရမှုပြဿနာများသည် ပုံမှန်လည်ပတ်ခြင်း မပြုနိုင်သည့် အဓိက အကြောင်းရင်း နှစ်ခုအဖြစ် ကျန်ရှိသည်။ စက်တင်ဘာလအထိ ကုန်ကြမ်း ပြတ်လတ်မှုနှင့် ငွေသားစီးဆင်းမှု ပြဿနာများသည် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်း မရှိသည့် အကြောင်းပြချက် အနေဖြင့် တွေ့ရှိရမှု နည်းပါးလာသည်။
- စစ်တမ်းဖြေဆိုသူ သုံးပုံတစ်ပုံနီးပါးက လုပ်ငန်းလည်ပတ်မှု ပုံမှန်အနေအထား အနေဖြင့် ပြန်လည်စတင်နိုင်ရန် အနည်းဆုံး ခြောက်လခန့်ကြာမြင့်မည်ဟု ယုံကြည်ကြသည်။
- ရောင်းအားဝင်ငွေ လုံးဝမရှိဟု ဖြေကြားသူ ပမာဏသည် ဧပြီ - မေ စစ်တမ်း၏ ၂၂ ရာနှုန်းမှ ဒုတိယစစ်တမ်း စက်တင်ဘာ - အောက်တိုဘာလ အတွက် တွေ့ဆုံမေးမြန်းသည့် အချိန်တွင် ၃၁ ရာခိုင်နှုန်း အထိ တိုးလာခဲ့သည်။
- ဟိုတယ်၊ အခန်းငှား လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှ စီးပွားရေးလုပ်ငန်း သုံးပုံနှစ်ပုံနီးပါးသည် ရောင်းအားဝင်ငွေ လုံးဝမရှိကြောင်း အစီရင်ခံခဲ့ပြီး စားနပ်ရိက္ခာနှင့် အဖျော်ယမကာထုတ်လုပ်သည့် လုပ်ငန်း ၉ ရာခိုင်နှုန်းက ထိုသို့ ပြောကြားခဲ့သည်။
- စီးပွားရေးလုပ်ငန်းများ၏ ထိခိုက်ခံစားရမှုမှာ ပထဝီအနေအထားအရ ကွာခြားခြင်းများ ယခုအခါ ပိုမိုရှိလာသည့် အလျောက် မြို့ပြမြို့နယ်များဖြစ်သော ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများမှ စီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်ကျော်မှာ ဝင်ငွေလုံးဝမရှိသည့်အချိန်တွင် မြောက်ပိုင်းတောင်တန်းဒေသ မြို့နယ်များရှိ ၁၁ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသာ ရောင်းအားဝင်ငွေသုည ဖြစ်နေကြရသည်။ ဤပထဝီ အနေအထား ထိခိုက် ခံစားရမှု ကွဲပြားခြားနားခြင်းအတွက် ဖြစ်နိုင်ချေရှိသော အကြောင်းပြချက် တစ်ခုမှာ အိမ်တွင်သာ နေခိုင်းခြင်းနှင့် Covid-19 နှင့်ဆက်စပ်သော အခြားအစီအမံများ ဖြစ်သည်။
- ဒုတိယစစ်တမ်းတွင် ပထမအကြိမ်ကဲ့သို့ စီးပွားရေး လုပ်ငန်းများ အမြတ်အစွန်းရရှိမှုသည် တူညီသောအဆင့်တွင်ရှိနေသည်။ စီးပွားရေးစစ်တမ်း၏ ထက်ဝက်ကျော်သည် အရှုံးနှင့် ရင်ဆိုင်နေရသည်။
- စီးပွားရေးလုပ်ငန်းများသည် သူတို့၏အနာဂတ်ကို ပိုမိုတောက်ပနိုင်သည်ဟု ရှုမြင်ကြသည်။ ၃၀ ရာခိုင်နှုန်းက Covid-19 သည် သူတို့၏ ရှင်သန်ရပ်တည်ရေးကို အန္တရာယ်မရှိဟု ယုံကြည်ကြသည်။ ဧပြီလမှမေလအထိတွင် ၁၂ ရာခိုင်နှုန်းကသာ ထိုသို့

စဉ်းစားခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းအများစုသည် လုပ်ငန်းလည်ပတ်မှု အပြည့်အ၀ ရှိနေဆဲဖြစ်သည်။ (၂၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၃၄ ရာခိုင်နှုန်း) အဆိုပါ အချက်က လုပ်ငန်းများသည် Covid-19 အခြေအနေနှင့် မည်သို့ လိုက်လျောညီထွေဖြစ်အောင် လုပ်ကိုင်ရမည်ကို လေ့လာခဲ့ပြီးပြီဟု ညွှန်းဆိုသည်။ Covid-19 ကြောင့် စီးပွားရေး အမြောက်အမြား အမြဲတမ်းပိတ်ထားရသည့် အထောက်အထား မရှိသေးပါ။

- သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းသည် ၎င်းတို့ရှင်သန် ရပ်တည်ရေးအတွက် အမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင် ရပြီး ၇၅ ရာခိုင်နှုန်းက Covid-19 သည် အလယ်အလတ် သို့မဟုတ် မြင့်မားသောအန္တရာယ်ရှိသည်ဟု အစီရင်ခံကြသည်။ အ၀တ်အထည်၊ အထည်ချုပ်လုပ်ငန်းနှင့် ဟိုတယ် အခန်း၀န်ဆောင်မှုများ၏ ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ စီးပွားရေးကို ဒုတိယအန္တရာယ် အမြင့်ဆုံး အမျိုးအစားများအဖြစ် စဉ်းစားကြသည်။ (၅၉ ရာခိုင်နှုန်းနှင့် ၅၄ ရာခိုင်နှုန်း အသီးသီး)
- ယေဘုယျအားဖြင့် ၀န်ထမ်းအရေအတွက်မှာ ၂၀၁၉၊ ၂၀၂၀ မြန်မာစီးပွားရေး ၀န်းကျင်ညွှန်းကိန်း (MBEI) စစ်တမ်းကောက်ယူချိန်ဖြစ်သော၂၀၁၉ ခုနှစ်၊ ဖေဖော်၀ါရီလ ၂၀၂၀ နှင့် စက်တင်ဘာ - အောက်တိုဘာ ၂၀၂၀ စစ်တမ်းများ ကောက်ယူချိန်အကြား သိသိသာသာကျဆင်းသွားခြင်း မရှိခဲ့သော်လည်း အချို့ စက်မှုလုပ်ငန်းများမှာ ၀န်ထမ်းများ သိသိသာသာ လျှော့ချခဲ့ရသည်။ စက်တင်ဘာ-အောက်တိုဘာလ စစ်တမ်း၏ တွေ့ရှိချက်များအရ ဟိုတယ် အခန်း၀န်ဆောင်မှုများနှင့် အထည်အလိပ်လုပ်ငန်းများတွင် ၀န်ထမ်းဦးရေသည် အများဆုံး ကျဆင်းသွားကြောင်း ဖော်ပြသည်။ MBEI 2020 စစ်တမ်းမှစ၍ လက်ကားနှင့် လက်လီ လုပ်ငန်းများတွင် ၀န်ထမ်း အရေအတွက် တိုးလာသည်။
- ၂၀၂၀ ဧပြီ - မေလနှင့် စက်တင်ဘာ - အောက်တိုဘာစစ်တမ်းများအကြား အမျိုးသမီး ၀န်ထမ်းများ၏ ပျမ်းမျှအရေအတွက်သည် ၁၀ ရာခိုင်နှုန်း ကျဆင်းသွားပြီး၊ ရာထူးမှ ဖယ်ထုတ်ထားသော ၀န်ထမ်းအားလုံး၏ လေးပုံသုံးပုံခန့်သည် အောက်ခြေ ၀န်ထမ်းများ ဖြစ်ကြသည်။ သို့သော် စီးပွားရေးလုပ်ငန်း ၅% သာလျှင် အလုပ်သမားများကို ထပ်မံ အလုပ်ထုတ်ပစ်ရန် အစီအစဉ်ရှိခဲ့သည်။
- ဒုတိယစစ်တမ်းတွင် ပိုမိုများပြားသော စီးပွားရေးလုပ်ငန်းများ ချေးငွေရရှိနိုင်မှု လမ်းကြောင်းများသည် ရပ်တန့်သွားပြီး၊ ချေးငွေ မရရှိနိုင်ကြောင်း သတင်းပို့သည့် စီးပွားရေးလုပ်ငန်း အရေအတွက်မှာ ဆက်လက်တိုးနေသည်။
- စီးပွားရေးလုပ်ငန်းများသည် အစိုးရ၏ Covid-19 အထောက်အပံ့ မူ၀ါဒများဖြစ်သော အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ (SME)နှင့် အထည်အလိပ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများအတွက် အရေးပေါ်ချေးငွေများ၊ အခွန် ရက်ရွှေ့ဆိုင်းမှုနှင့် ကင်းလွတ်ခွင့်များ မူ၀ါဒများကို ပိုမိုသိရှိလာကြသည်။ စီးပွားရေးလုပ်ငန်းအများစုသည် အရေးပေါ် ငွေလုံးငွေရင်း ချေးငွေ အစီအစဉ်ကို သတိပြုမိကြသည်။ ယခုအချိန်အထိ အခွန် ရက်ရွှေ့ဆိုင်းခြင်းများနှင့် ကင်းလွတ်ခွင့်များသည် အစိုးရ၏ အရေးပေါ်ချေးငွေများထက် စီးပွားရေးလုပ်ငန်းများကို ပိုမိုအကျိုးပြုသည်။ သို့သော် လျှပ်စစ်ဓါတ်အားခ လျော့ပေးခြင်းမှလွဲ၍ စီးပွားရေး၏ ၁၀ ရာခိုင်နှုန်း အောက်သာလျှင် အစိုးရ အထောက်အပံ့များမှ အကျိုးရှိခဲ့သည်။
- မိမိတို့နေအိမ်မှ အလုပ်လုပ်ကိုင်နေသော စီးပွားရေးအမျိုးအစားမှာ ဧပြီလ-မေလတွင် ၉ ရာခိုင်နှုန်းမှ စက်တင်ဘာလ-အောက်တိုဘာလတွင် ၃၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ ထို့ပြင် ၀န်ထမ်းများနှင့် ဖောက်သည်များ၏ ခန္ဓာကိုယ်အပူချိန်ကို တိုင်းတာခြင်း၊ ၀န်ထမ်းများအား မဖြစ်မနေ နှာခေါင်းစည်း တပ်ခိုင်းခြင်းတို့ကို လုပ်ငန်းခွင်ဘေးကင်းမှု အလေ့အကျင့်များ အနေဖြင့် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်ဟု စီးပွားရေး လုပ်ငန်းပိုင်ရှင်များမှလည်း အစီရင်ခံခဲ့သည်။



# ၁။ မိတ်ဆက်

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝှမ်းကူးစက်ပျံ့နှံ့မှုသည် ၂၀၂၀ ပြည့်နှစ် တစ်လျှောက်လုံး ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်၏ ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၇ ရက်နေ့ထိ ကမ္ဘာတစ်ဝှမ်းလုံးရှိ လူပေါင်း ၁.၁ သန်းကျော်လည်း သေဆုံးခဲ့ပြီး ဖြစ်ပါသည်။ အခြားနိုင်ငံများတွင် ကြုံတွေ့ခဲ့ရသည့်နည်းတူ မြန်မာနိုင်ငံသည်လည်း ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများမှ လွတ်မြောက်နိုင်လိမ့်မည်။ သို့သော်လည်း ၂၀၂၀ပြည့်နှစ်၊ ဧပြီ - မေလ စစ်တမ်းကို ပထမလှိုင်း၏ အတည်ပြု ကူးစက်ပျံ့နှံ့မှုအနည်းငယ်ဖြစ်ပွားမှုအပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် အတည်ပြုလူနာများ အလျင်အမြန် တိုးပွားလာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှာ အဆိုးရွားဆုံးထိခိုက်မှုများ ဖြစ်ခဲ့ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ အတည်ပြု လူနာအရေအတွက် ဆက်စပ်သေဆုံးမှုများသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁ ရက်တွင် ၆ ဦး မှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၇ ရက်တွင် ၁,၁၂၂ ဦး ထိ ရောက်ရှိခဲ့ပါသည်။ (ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ၂၀၂၀) အတည်ပြုလူနာများ ပြန်လည် ပေါ်ပေါက်လာပြီးနောက် နိုင်ငံ၏ နေရာအနှံ့အပြားတွင် သွားလာလှုပ်ရှားမှုများကို ပြန်လည်ကန့်သတ်မှု စတင်ခဲ့ပါသည်။ အထူးသဖြင့်ရန်ကုန်နှင့် ရခိုင်တို့တွင် ဖြစ်ပါသည်။ (ပူးတွဲ ၁ ကို ကြည့်ပါ)

ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အကျပ်အတည်းနှင့်အတူ ကမ္ဘာ့စီးပွားရေး အကျပ်အတည်း လိုက်ပါလာပါသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ကမ္ဘာ့စီးပွားရေး အလားအလာသည် ယခုနှစ်အကုန်တွင် ၄.၄ ရာခိုင်နှုန်း ကျဆင်းလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။ (IMF၂၀၂၀a) အလားတူ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၉ ခုနှစ်တွင် ၆.၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၂.၀ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှမေလအထိ အာရှဖောင်ဒေးရှင်း (ဖောင်ဒေးရှင်း)မှ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်၍ မည်သို့ ရင်ဆိုင်ဖြေရှင်းခဲ့ရသည်ကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ပထမအကြိမ် သုတေသနစစ်တမ်းကို မြန်မာနိုင်ငံတွင် ကမ္ဘာ့ကပ်ရောဂါ အတည်ပြုခဲ့သည့် ပထမလှိုင်း၏ အထွတ်အထိပ်ပြီးနောက်တွင် ပြုလုပ်ခဲ့ပါသည်။ စစ်တမ်း၏ ရလဒ်အရ အရောင်း၊ အဝယ်နှင့် စီးပွားရေးအမြတ်အစွန်းများ သိသိသာသာကျဆင်းသွားမှုကို ပြသခဲ့ပြီး စီးပွားရေးလုပ်ငန်းများ၏ ဝန်ထမ်းများကိုလည်း ထိခိုက်ခဲ့ပါသည်။ (The Asia Foundation 2020) ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် အာရှဖောင်ဒေးရှင်းသည် ဒုတိယအကြိမ် သုတေသနစစ်တမ်းကို ကောက်ယူခဲ့ပါသည် - ဤဒုတိယအကြိမ်တွင် စီးပွားရေးလုပ်ငန်းများသည် Covid-19 ကမ္ဘာ့ကပ်ရောဂါ ဒုတိယလှိုင်းကို မည်သို့ကိုင်တွယ်ဖြေရှင်းနေကြောင်းနှင့် ပထမအကြိမ် စစ်တမ်းကောက်ယူပြီးချိန်မှစ၍ ၎င်းတို့၏ အခြေအနေ မည်သို့ ပြောင်းလဲသွားသည်ကို ပိုမိုနားလည်ရန်ဖြစ်ပါသည်။ ဤသုတေသန အစီရင်ခံစာသည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုနှင့် Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်၊ ဝန်ထမ်းများနှင့် ငွေကြေးရရှိမှုအပေါ် မည်သို့ အကျိုးသက်ရောက်ခဲ့ကြောင်း ဒုတိယအကြိမ် စစ်တမ်း၏ တွေ့ရှိချက်များကို တင်ပြအပ်ပါသည်။ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း စီးပွားရေးလုပ်ငန်းများအား အစိုးရ၏ ပံ့ပိုးမှု၊ ဘေးကင်းမှု၊ လုံခြုံရေးဆိုင်ရာ ကိစ္စနှင့် အင်တာနက်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပတ်သက်၍ စီးပွားရေးပိုင်ရှင်များ၏ သဘောထားအမြင်များကိုလည်း ဖော်ပြထားပါသည်။

စီးပွားရေးလုပ်ငန်းများအပေါ် Covid-19 ကမ္ဘာ့ကပ်ရောဂါသက်ရောက်မှုကို လေ့လာဆန်းစစ်သော စစ်တမ်းနှစ်ခုလုံးသည် အာရှဖောင်ဒေးရှင်း၏ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI) အတွက် စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များအပေါ် အခြေခံထားပါသည်။ စစ်တမ်း ဖြေဆိုသူများအား စီးပွားရေးဝန်းကျင်အပေါ် ၎င်းတို့၏ ထင်မြင်ချက်များကို မေးမြန်းပြီး မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် မြို့နယ်များရှိ အဖြေများကို နှိုင်းယှဉ်လေ့လာထားသည့် စစ်တမ်းတစ်ခုဖြစ်ပါသည်။ မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း -၂၀၂၀ (MBEI) အတွက် စစ်တမ်းကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ အကြား ပြုလုပ်ခဲ့ပါသည်။ (Malesky et al., ၂၀၂၀ကို ကြည့်ပါ) မြန်မာ့စီးပွားရေး ဝန်းကျင် ညွှန်းကိန်း(MBEI)တွင် ထည့်သွင်းတိုင်းတာသည့် အစိတ်အပိုင်းများဖြစ်သော စီးပွားရေးလုပ်ငန်းများ၏ ကနဦးကုန်ကျစရိတ်၊ အခြေခံ အဆောက်အအုံ အရည်အသွေး၊ တရားဥပဒေစိုးမိုးမှု၊ အစိုးရ၏ ပွင့်လင်းမြင်သာမှု၊ လုပ်သားခန့်ထားနိုင်မှုတို့နှင့် ပတ်သက်သည့် သဘောထားအမြင်များလည်း ပါဝင်ပါသည်။ မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းနှင့် Covid-19 စစ်တမ်းနှစ်ခုသည် DaNa Facility မှ တဆင့် UK Aidမှ ရန်ပုံငွေ ထောက်ပံ့ကူညီပေးပါသည်။

# ၂။ သုတေသနနည်းလမ်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း Covid-19 သည်မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် မည်သို့ သက်ရောက်မှု ရှိကြောင်း သိရှိနိုင်ရန် ဤဒုတိယစစ် တမ်းသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း အတွက် ပြုလုပ်ခဲ့သော ကြိုတင်စစ်တမ်းများအပေါ် အခြေခံသည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI) ဒုတိယအကြော့ စစ်တမ်း (နိုဝင်ဘာ ၇၊ ၂၀၁၉ နှင့် ၂၀၂၀၊ ဖေဖော်ဝါရီ ၂၃ ရက်အကြားပြုလုပ်ခဲ့သည်) နှင့်ပထမလှိုင်း Covid-19 စစ်တမ်း (စစ်တမ်းများ၏ အချိန်ဇယားကို ပုံ ၁ တွင်ကြည့်ပါ) တို့နှင့် အထူးသဖြင့်သက်ဆိုင်မှုသည်။ ဒုတိယ MBEI စစ်တမ်း (ဤအစီရင်ခံစာတွင် MBEI 2020 ဟုရည်ညွှန်း) သည် ဤလေ့လာမှု၏ နမူနာဘောင် နှင့်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော ယေဘုယျနှင့်ငယ်စာရင်းအချက်အလက်များကို ပံ့ပိုးပေးသည့်အပြင် ဤလေ့လာမှုအတွက် မေးခွန်းအချို့ကို ပေးခဲ့သည်။ MBEI 2020 ၏ရလဒ်အတွက် Malesky et al (MBEI-၂၀၂၀)ကိုကြည့်ပါ။ အဆိုပါစစ်တမ်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှ ကျပန်းရွေးချယ်ထားသောမြို့နယ် ၈၉ ခုတွင်စီးပွားရေးပေါင်း ၅၆၀၅ ကိုတွေ့ဆုံမေးမြန်းခဲ့သည်။ ဤစစ်တမ်းသည် နိုင်ငံ၏အခြေခံစီးပွားရေးကဏ္ဍ လုပ်ငန်းများ (လယ်ယာ၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောနှင့်သတ္တုတူးဖော်ရေး)မှအပ နိုင်ငံ၏ တရားဝင်လုပ်ငန်းများ အားလုံးကို ကိုယ်စားပြုသည်။ MBEI 2020 နမူနာတွင် ဝန်ထမ်း ၄ ဦး ထက်နည်းသော စီးပွားရေးလုပ်ငန်းသစ်များ ထပ်မံ ထည့်သွင်းခြင်း မပြုသော်လည်း၊ အချို့မှာ MBEI စစ်တမ်း ပထမအကြိမ်တွင် ပါဝင်ခဲ့သောကြောင့် ဝန်ထမ်းလေးဦးထက် နည်းသောစီးပွားရေးလုပ်ငန်းများမှာနမူနာတွင် ကျန်နေခဲ့သည်။ Covid-19 သည် စီးပွားရေး လုပ်ငန်းများ အပေါ်မည်သို့ သက်ရောက်မှုရှိကြောင်း ပထမစစ်တမ်းကိုဧပြီ ၂၈၊ ၂၀၂၀ မှမေလ ၁၀ ရက်အကြား တယ်လီဖုန်းဖြင့် ပြုလုပ်ခဲ့သည်။ ၎င်းကိုဇွန်လ ၂၀၂၀ တွင်ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ ဤအစီရင်ခံစာတွင် “ပထမအကြိမ်” အဖြစ်ရည်ညွှန်းပြီး စာရင်းအင်းဇယားများအား အာရှဖောင်ဒေးရှင်းက သီးခြားစီ ထုတ်ဝေခဲ့သည်။ ပထမအကြိမ် Covid-19 စစ်တမ်းသည် MBEI 2020 အတွက် တွေ့ဆုံမေးမြန်းထားသည့် စီးပွားရေးလုပ်ငန်း ၅,၆၀၅ မှစီးပွားရေး ၇၅၀ကို ကျပန်းရွေးချယ်ခဲ့သည်။ ၎င်းသည် MBEI 2020 မှ ရလဒ်အချို့ကို Covid-19 စစ်တမ်းနှစ်ခုနှင့် နှိုင်းယှဉ်ရန် အခြေအနေများရရှိခဲ့သည်။


ဤအစီရင်ခံစာ၏ရည်ရွယ်ချက် (“စစ်တမ်းကောက်ယူမှု ၂” ဟုရည်ညွှန်းသည်)ကို အဓိကထားသည့် ဒုတိယ Covid-19 စစ်တမ်းကို ၂၀၂၀၊ စက်တင်ဘာ ၂၈ မှအောက်တိုဘာ ၁၂ ရက်အကြားပြုလုပ်ခဲ့သည်။ စစ်တမ်းကောက်ယူမှု ၁ တွင် အသုံးပြုခဲ့သော နည်းလမ်းများအတိုင်းအသုံးပြုခဲ့သည်။ တဖန် စီးပွားရေးလုပ်ငန် ၇၅၀ အား တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခဲ့သည်။ အဆိုပါ စီးပွားရေးလုပ်ငန်း ၇၅၀ အနက် ၅၇၇ ခုသည် ပထမတစ်ကြိမ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် စီးပွားရေး လုပ်ငန်းများဖြစ်သည်။ ကျန် ၁၅၃ ခုသည် MBEI အတွက်တွေ့ဆုံမေးမြန်းမှု ၅၆၀၅ မှကောက်ယူခဲ့သည့် စီးပွားရေး လုပ်ငန်းများ ဖြစ်သော်လည်း ပထမဦးဆုံး Covid-19 စစ်တမ်းတွင် မပါဝင်ခဲ့ပေ။ စစ်တမ်း (၃) ခုစလုံးတွင် စီးပွားရေး လုပ်ငန်းအများအပြား ပါဝင်ခြင်းသည် လုပ်ငန်း တူသည်များကို အစုဖွဲ့၍ မတူညီသောအချိန်အပိုင်းအခြားများမှ လေ့လာခြင်း ပြုလုပ်ရန် အခွင့်သာခဲ့သည်။ အကယ်၍ ရလဒ်များအကြောင်းကို မည်သို့မျှဖော်ပြခြင်း မပြုထားပါက ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် ရလဒ်အချက်လက်များသည် မတူညီသောအချိန် အပိုင်းခြားများမှ လေ့လာခြင်းပြုလုပ်သည့် ဒေတာစုမှ ဖြစ်ပါသည်။ ဤဒေတာစုသည် ပြုလုပ်ခဲ့သည့် စစ်တမ်း ၃ ခုစလုံး သို့မဟုတ်၂ ခုတွင် ပါရှိသော



ဖြေကြားချက်များသာ ပါဝင်သောဒေတာစု ဖြစ်ပါသည်။ (မေးခွန်းအပေါ် မူတည်ပါသည်။) တစ်နည်းဆိုရသော် အကယ်၍ စီးပွားရေးလုပ်ငန်းတခုသည် ဆန်းစစ်လေ့လာနေသည့် မေးခွန်းတစ်ခုအတွက် အချိန်ကာလအားလုံးအတွက် တုန့်ပြန်မှု မရှိခဲ့ပါက ထိုမေးခွန်းအတွက် ယင်းအချက်အလက်အား လုံးဝ ပယ်ဖျက်လိုက်သည်။ ဆိုလိုသည်မှာ စစ်တမ်းများအကြား ပြောင်းလဲမှုများသည် အချိန်ကြာလာသည်နှင့်တပြိုင်နက် စီးပွားရေး လုပ်ငန်းတစ်ခုစီ၏ ပြောင်းလဲမှုကို ထင်ဟပ်စေပြီး ၎င်း တို့သည် စစ်တမ်းအလိုက်နမူနာများ ပြောင်းလဲခြင်းနှင့် မသက်ဆိုင်ပါ။ ဒုတိယစစ်တမ်းမှ အသစ်ဖြစ်သည့် မေးခွန်းများ အပြင် အချို့သော အခြားကိစ္စရပ်များအတွက် စီးပွားရေး လုပ်ငန်း စုစုပေါင်း ၇၅၀ ပါဝင်သော ပုံသေအချိန်ဖြတ်ပိုင်း နမူနာကို အသုံးပြုခဲ့သည်။ မေးခွန်းတစ်ခုချင်းစီအတွက် အသေးစိတ် ရလဒ်များကို လေ့လာမှုအတွက် သီးခြားထုတ်ဝေထားသော စာရင်းအင်း ဇယားများတွင် တွေ့နိုင်သည်။ ၎င်းတွင် ပုံသေနမူနာ သရုပ်ခွဲဒေတာ(panel) နှင့် ပုံသေ အချိန်ဖြတ်ပိုင်း နမူနာ (cross-sectional data) နှစ်ခုလုံးအပေါ် အခြေခံ ထားသည့် ရလဒ်များဖြစ်သည်။ အသေးစိတ်ရှင်းလင်း ချက်ကို နောက်ဆက်တွဲ ၃ တွင် တွေ့နိုင်သည်။

**ပုံ(၁)**

**စစ်တမ်းကောက်ယူသောအချိန်အပိုင်းအခြားများ**



# ၃။ ရလဒ်

## ၃.၁။ အထွေထွေကဏ္ဍ


၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ အောက်တိုဘာလ ၁၂ ရက်အတွင်း အင်တာဗျူးစစ်တမ်း ပြုလုပ်ချိန်တွင် စီးပွားရေး လုပ်ငန်း ၃၄ ရာခိုင်နှုန်းသည် လုပ်ငန်းပြန်လည် လည်ပတ်နေပြီ ဖြစ်သည်။ ၎င်းသည် ပထမအကြိမ်စစ်တမ်း(ဧပြီလ ၂၈ ရက်မှ မေလ ၁၀ ရက်) တွင် ဖြေကြားခဲ့သည့်ရလဒ်ဖြစ်သည့် ၂၄ ရာခိုင်နှုန်းမှတိုးတက်လာခဲ့သည်။ ဖြေဆိုသူ ၃၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှု အတိုင်းအတာတစ်ခုထိ လျှော့ချ လိုက်ရကြောင်း ဥပမာ - စားသောက်ဆိုင်မှ ပါဆယ်စနစ်ဖြင့် ရောင်းချခြင်း၊ အလုပ်သမားများနေအိမ်မှ အလုပ်လုပ်ကိုင်ခြင်း တို့ဖြစ်သည်။ ပထမအကြိမ် Covid-19 စစ်တမ်း ကောက်ယူချိန် တွင် စုစုပေါင်း၏ ၄၈ ရာခိုင်နှုန်းရှိသည်။ ဖြေဆိုသူ အများစု (၃၆ ရာခိုင်နှုန်း) သည် ဧပြီ-မေ Covid-19 စစ်တမ်း (၂၉ ရာခိုင်နှုန်း) နှင့် နှိုင်းစာလျှင် စီးပွားရေးလုပ်ငန်းများ ပိတ်ထားရသည့် ရာခိုင်နှုန်း ပိုမိုများလာသည်။ ၎င်းစီးပွားရေး လုပ်ငန်းများ ပိတ်ထားရသည်မှာ ပျမ်းမျှအားဖြင့် ၉၆ ရက် (သုံးလကျော်ခန့်ရှိပြီ) ဟုသိရသည်။

ကွဲပြားမှုများ ရှိနေသည်ကိုလည်း တွေ့ရသည်။ စီးပွားရေး လုပ်ငန်းအများစုမှာ တစ်လခန့်ပိတ်ထားရသော်လည်း အချို့မှာ Covid-19 ပထမလှိုင်းကတည်းက ပိတ်ထားရသည်ကိုတွေ့ရ သည်။ တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းအားလုံး၏ ၉ ရာခိုင်နှုန်းခန့်က ၂၀၂၀မေလနှင့် စက်တင်ဘာလအတွင်းတွင် ဖွင့်လှစ်ခြင်း မရှိခဲ့ကြောင်း ပြောကြားကြသည်။ ၎င်းတွေ့ရှိ ချက်သည် ကမ္ဘာ့ဘဏ်အဖွဲ့မှ ပြုလုပ်သောစီးပွားရေးလုပ်ငန်း များ စစ်တမ်းကောက်ယူခြင်း တွေ့ရှိချက်နှင့် ဆင်တူသည်။ ၎င်း တွင် ၆ ရာခိုင်နှုန်း မှ ၇ ရာခိုင်နှုန်းသော စီးပွားရေး လုပ်ငန်း များသည် ဇူလိုင်နှင့် ဩဂုတ်လများတွင် ပိတ်ထားရဆဲ ဖြစ်သည်။ (ကမ္ဘာ့ဘဏ် ၂၀၂၀ ပြည့်နှစ်)။ မတ်လနှင့် ဧပြီလတို့တွင် Covid-19 ကြောင့် ပိတ်ထားခဲ့ရသော လုပ်ငန်းများသည် မေလ၊ ဇွန်လတို့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ မေလနှင့် စက်တင်ဘာလအတွင်း ဖွင့်လှစ်ခဲ့သော စီးပွားရေး လုပ်ငန်း ၄၀ ရာခိုင်နှုန်းသည် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အစိုးရ စစ်ဆေးမှုခံယူခဲ့ရသည်ဟု ဆိုကြသည်။

ဒုတိယအကြိမ် Covid-19 စစ်တမ်းတွင် စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း မလည်ပတ်ရခြင်းအကြောင်းများမှာမှာ ပထမ အကြိမ်စစ်တမ်းနှင့်ယှဉ်လျှင် အနည်းငယ် အပြောင်းအလဲရှိ သည်။ ပထမအကြိမ်စစ်တမ်း ကဲ့သို့ပင် Covid-19 ကြောင့် စားသုံးသူများ မရှိခြင်းနှင့် စီးပွားရေး လုပ်ငန်းရှင်များမှ ၎င်းတို့ ကိုယ်တိုင်နှင့် လုပ်သားများအန္တရာယ် ကင်းရှင်းရေးအတွက် ပိတ်ထားခဲ့ခြင်းသည် ပထမအကြိမ် Covid-19 စစ်တမ်းနှင့် တူညီသောအချိုး (၃၉ ရာခိုင်နှုန်း)မှ သူတို့၏လုပ်ငန်းများကို ပိတ်ရန် အာဏာပိုင်များမှ ညွှန်ကြားခဲ့သည်ဟု ပြောကြသည်။ ဤအချိုးသည် မန္တလေးတိုင်းရှိ မြို့နယ်များ၊ အပူပိုင်းဇုန်နှင့်

ပုံ (၂)

**စစ်တမ်းကောက်ယူချိန်တွင်စီးပွားရေးလုပ်ငန်းများလည်ပတ်မှု**




မြစ်ဝကျွန်းပေါ်ဒေသများတွင် အမြင့်ဆုံးဖြစ် သည်။ (ဤ အစီရင်ခံစာတွင် ရေးသားထားသော ပထဝီဝင်နယ်မြေများ စာရင်းကို နောက်ဆက်တွဲ ၂ တွင်ရှုပါ) လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်သော အခြားအကြောင်းအရင်းများ ကို ပြောဆိုမှု ပိုမို နည်းပါလာသည်။ ၎င်းတို့တွင် ငွေကြေးစီးဆင်းမှု ပြဿနာများ၊ ကုန်စည်ပြတ်လပ်ခြင်း၊ အလုပ်သမားများ အလုပ်သို့လာရန် ငြင်းဆန်ခြင်းတို့ပါဝင်သည်။ အထူးသဖြင့် စက်တင် ဘာမှ အောက်တိုဘာလ စစ်တမ်းတွင် (ပြော်မှမေလတွင် ၄၄ ရာခိုင်နှုန်း နှင့် နှိုင်းစာလျှင်) ၁၂ ရာခိုင်နှုန်းသော လုပ်ငန်း ပုံမှန်အတိုင်း မ လည်ပတ်ရခြင်းမှာ ကုန်စည်ပြတ်လတ်မှုကြောင့် ဖြစ်ကြောင်း သိရှိရသည်မှာ အားတက်စရာဖြစ်ပါ သည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းစစ်တမ်းက ဩဂုတ်လတွင် ငွေသားစီးဆင်းမှုပြဿနာနှင့် ကုန်ကြမ်းများ ပြတ်လတ်မှု လျော့ ကျလာကြောင်း တွေ့ရသည် (ကမ္ဘာ့ဘဏ် ၂၀၂၀ ပြည့်နှစ်)။ သို့သော်လည်း ကမ္ဘာ့ဘဏ်၏ နောက်ဆုံးစစ်တမ်းသည် မြန်မာ နိုင်ငံတွင် Covid-19 ဒုတိယလှိုင်းသက်ရောက်မှုကို အပြည့်အဝ မဖော်ပြနိုင်ခဲ့ပါ။ အသွားအလာ ကန့်သတ်ချက်များနှင့် ပတ် သက်သော ထင်မြင်ယူဆချက်များမှာ ကမ္ဘာ့ဘဏ်၏ ဒုတိယ အကြိမ်စစ်တမ်းနှင့် ဆင်တူသည်။ ၈၂ ရာခိုင်နှုန်းသော စီးပွားရေး လုပ်ငန်းများက မြို့နယ်တစ်ခုနှင့် တစ်ခုကြား အသွားအလာ ကန့်သတ်မှု ၉ ရာခိုင်နှုန်းက နိုင်ငံတကာ အသွားအလာ ကန့် သတ်မှုတို့သည် အဓိက အခက်အခဲဖြစ်စေသည်ဟု အသီးသီး ဖြေဆိုကြသည်။ စီးပွားရေးလုပ်ငန်းများသည် မတူညီသော ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များကို ကန့်သတ် ခြင်းထက် တူညီသော ပြည်နယ်/တိုင်းဒေသကြီးရှိမြို့နယ်များ အား ကန့်သတ်ခြင်းအပေါ် ပို၍ စိုးရိမ်ပူပန်မှု ရှိကြသည်။ လုပ်ငန်း ၅၄ ရာခိုင်နှုန်း (ပြေီနှင့်မေလတွင် ၆၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဥ်လျှင်)သာ ၎င်းတို့မြို့နယ်အတွင်း အသွားအလာကန့် သတ်မှုများကို စိုးရိမ်ပူပန်မှုရှိသည်။

Covid-19 ကြောင့် စီးပွားရေးလုပ်ငန်း အနည်းငယ်သာ ထုတ် ကုန်အသစ်၊ ဝန်ဆောင်မှုအသစ်ကို စတင်လုပ်ဆောင်နိုင်ခြင်း (သို့) ၎င်းတို့၏ အဓိကဈေးကွက် ပြောင်းလဲနိုင်ခဲ့သည်။ ၅ ရာခိုင် နှုန်းသော စီးပွားရေး လုပ်ငန်းများ (ယခုစီးပွားရေး လုပ်ငန်းများ အားလုံး၏ ၁၇ ရာခိုင်နှုန်း) သည် online platform ကို စတင် အသုံးပြုနေပြီး ၈ ရာခိုင်နှုန်း (ယခု စုစု ပေါင်း ၅၁ ရာခိုင်နှုန်း) သည် ငွေပေးချေမှုများကို မိုဘိုင်းဖုန်းဖြင့် လက်ခံဆောင်ရွက်

**ပုံ (၃)**

**စီးပွားရေးလုပ်ငန်းများပုံမှန်အတိုင်းမလည်ပတ်ရသည့်အကြောင်းရင်းများ**



နေသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းပြန်လည် လည်ပတ်နိုင်မှုနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်သည် Covid-19 ပထမအကြိမ်စစ်တမ်းလောက် အားရစရာမရှိပါ။ ဧပြီနှင့် မေလအတွင်းတွင် ၆၈ ရာခိုင်နှုန်းသောလုပ်ငန်းပိုင်ရှင်များသည် လုပ်ငန်းလည်ပတ်မှုကို နှစ်လအတွင်း ပြန်လည် စတင်နိုင်လိမ့်မည်ဟု ယူဆခဲ့ကြသော်လည်း စက်တင် ဘာလတွင်မူ လုပ်ငန်း ၃၂ ရာခိုင်နှုန်းကသာ ယုံကြည်ကြသည်။ ဒုတိယအကြိမ် စစ်တမ်းတွင် ၄၀ ရာခိုင်နှုန်းသောစီးပွားရေးလုပ်ငန်းများက လုပ်ငန်းပြန်စတင်ရန် ၃ လ မှ ၆ လအထိ ကြာနိုင်သည်ဟု ပြောကြပြီး ၂၉ ရာခိုင်နှုန်းက ပုံမှန်အတိုင်းလည်ပတ်နိုင်ရန် ၆ လထက်ပိုကြာနိုင်သည် ဟု ယူဆကြသည်။

# ၃.၂။ စီးပွားရေး စွမ်းဆောင်ရည်များ

ပထမအကြိမ် Covid-19 စစ်တမ်းတွင် စီးပွားရေး လုပ်ငန်းများ၏ ရောင်းအားနှင့် အမြတ်အစွန်းရရှိမှုကို အပေါ်ယံသာ ဖော်ပြနိုင်ခဲ့ပါသည်။ ဒုတိယအကြိမ် စစ်တမ်းတွင်မူ တိုးတက်လာသော အလားအလာ လက္ခဏာများကို အနည်းငယ် သာ တွေ့ရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကာလကြာရှည်လာသော အကြပ်အတည်းနှင့် ဒုတိယလှိုင်း၏ အတည်ပြု လူနာများသည် ပထမအကြိမ်ထက် ပိုမို များပြားလာမှုတို့ကြောင့် ပထမအကြိမ်ထက် စီးပွားရေးလုပ်ငန်းများသည် ရုန်းကန်လှုပ်ရှားမှု ဆက်လက် ပြုလုပ်ကြရမည်ဟု မျှော်လင့်ရပါသည်။ စီးပွားရေးလုပ်ငန်းများ၏ ရောင်းအားကိုကြည့်လျှင် စီးပွားရေးလုပ်ငန်းများ အခြေအနေသည် အနည်းအကျဉ်း ယိုယွင်းသွားသည်ကိုတွေ့ရှိရပါသည်။ ဧပြီ မေလတွင် ၂၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ယခုအခါ ၃၁ ရာခိုင်နှုန်းအထိ ကျဆင်းရပ်ဆိုင်းသွားခဲ့ရပါသည်(ပုံ ၃ ရှုပါ)။ စီးပွားရေး လုပ်ငန်းများ၏ ၂၃ ရာနှုန်းက သူတို့၏ရောင်းအားမှာ Covid-19 ကာလ အခြေအနေအရ တိုင်းပြည် နေရာအနှံ့နီးပါး ကန့်သတ်မှုများ ဖြေလျှော့ပေးခဲ့သော ဇွန်၊ ဇူလိုင်လများ အတွင်းတွင် ကောင်းမွန်ခဲ့ကြောင်း ဖော်ပြဖြေဆိုကြပါသည်။ ယင်းတို့အနက်မှ ၄၀ ရာနှုန်းက ယင်းကာလတွင် Covid-19 မဖြစ်ခင် မူလအနေအထား သို့မဟုတ် နဂိုထက် ကျော်လွန်ခဲ့ကြောင်း ဖြေဆိုကြပါသည်။

ဟိုတယ်အခန်းငှားဝန်ဆောင်မှုနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ၊ အဝတ်အစားနှင့် သားရေထည် ပစ္စည်းလုပ်ငန်းများမှာ အခက်အခဲအကြပ်အတည်းဆုံးအနေအထား ဖြစ်နေပြီး ရောင်းအားမှာ ၆၄ ရာနှုန်း၊ ၅၉ ရာနှုန်း၊ ၅၄ ရာနှုန်း အသီးသီး ကျဆင်းခဲ့ကြပြီး ယခုအခါ လုံးဝမရောင်းရကြောင်း ဖြေဆိုကြပါသည်။ တဘက်တွင် စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများ၏ ၉ ရာနှုန်းကသာ မရောင်းရကြောင်း ဖြေဆိုကြပါသည်။ ထို့အပြင် စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်ကုန်လုပ်ငန်းများ၏ ၆၅ ရာခိုင်နှုန်းက အနည်းဆုံး ရောင်းအား၏ ထက်ဝက်အားထိန်းထားနိုင်သေးကြောင်း ဖြေဆိုကြပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများမှာ ဧပြီ၊ မေလများနှင့် နှိုင်းယှဉ်ပါက လုံးဝရပ်တန့်နေပါသည်။ သို့သော်လည်း စစ်တမ်း ကာလ နှစ်ခု အတွင်း အခြားသော စီးပွားရေးလုပ်ငန်းများတွင်မူ သိသာသော စာရင်းအင်းဆိုင်ရာ ခြားနားမှု မတွေ့ရပါ။

ယခု စက်တင်ဘာ-အောက်တိုဘာ စစ်တမ်းတွင် လုပ်ငန်းပိုင်ရှင်များ၏ ကျား/မ ဖြစ်မှုသည် ရောင်းအားအတွက် ရှင်းလင်းသော ဆက်နွယ်မှု မရှိကြောင်းတွေ့ရှိရပါသည်။[၁] အမျိုးသမီး လုပ်ငန်းပိုင်ရှင်များ၏ ရောင်းအားသည် ပြောင်းလဲမှု မရှိသော်လည်း အမျိုးသား လုပ်ငန်းပိုင်ရှင်များ ရောင်းအား အချိုးသည် အနည်းအကျဉ်းရောင်းရသော (သို့မဟုတ်) လုံးဝမရောင်းရသော ပြောင်းလဲမှု မရှိခဲ့ပါ။ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ စီးပွားရေးလုပ်ငန်း ထက်ဝက်ကျော်က အရောင်းရပ်တန့်နေကြောင်း ဖော်ပြကြပါသည်။ အရှေ့ဘက် တောင်တန်းဒေသ (ရှမ်းပြည်နယ်၊ ကယားပြည်နယ်)နှင့် မြောက်ဘက် တောင်တန်းဒေသ (ကချင်ပြည်နယ်၊ ချင်း ပြည်နယ် အထက်ပိုင်း) တို့မှ စီးပွားရေးလုပ်ငန်းများ၏ ၁၅ ရာနှုန်းနှင့် ၁၁ ရာနှုန်းတို့မှလည်း ယင်းကဲ့သို့ပင်ဖြေဆိုကြပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့ပေါ် စီးပွားရေးလုပ်ငန်းများ၏ ၂၂ ရာနှုန်းက မူလရောင်းအား၏ အနည်းဆုံး ထက်ဝက်ခန့်ကိုသာ ထိန်းထားနိုင်ခဲ့ကြောင်း ဖြေဆိုပြီး အရှေ့ဘက်တောင်တန်းဒေသရှိ စီးပွားရေးလုပ်ငန်းများ၏ ၅၉ ရာနှုန်းကလည်း အလားတူ ဖြေဆိုခဲ့ပါသည်။ Covid-19 ပထမအကြိမ်စစ်တမ်းတွင် မန္တလေးတိုင်းဒေသကြီးရှိ မြို့ပေါ် စီးပွားရေးလုပ်ငန်းများက ယင်းကဲ့သို့ ရောင်းအားကျဆင်းခြင်း အခြေအနေမှာ အခက်အခဲအကြပ်တည်းဆုံး အနေအထားဖြစ်ကြောင်း ဖြေဆိုခဲ့ဖူးပါသည်။ ယခုအကြိမ်တွင် ပထဝီဇရိယာ အနေအထားအရ သိသိသာသာ ကွာခြားနေသော်လည်း ရန်ကုန်တိုင်း မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မြေလတ်လွင်ပြင်ဒေသ (ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းမှ အချို့မြို့နယ်များ)တွင်လည်း ရောင်းအားကျဆင်းခဲ့ပါသည်။ ထပ်ဆင့်လေ့လာသုံးသပ်မှုများအရ ရောင်းအားကျဆင်းမှုသည် စီးပွားရေးလုပ်ငန်းများအခြေစိုက်ရာ မြို့နယ်များ၏ Covid-19 ဖြစ်ပွားမှုနှုန်းနှင့် တိုက်ရိုက် ဆက်စပ်မှု ရှိနေကြောင်း တွေ့ရှိရပါသည်။[၂]


စီးပွား ရေးလုပ်ငန်းများ၏ အမြတ်အစွန်းရရှိမှုတွင်လည်း ပထမ

အကြိမ်စစ်တမ်းနှင့် များစွာမကွာခြားလှပါ (ပုံ ၅ ကိုကြည့်ပါ။) ဧပြီ မေလအတွင်း အမြတ်ကျဆင်းမှု ၅၃ ရာနှုန်းမှ စက်တင်ဘာ-အောက်တိုဘာအတွင်း အမြတ်ကျဆင်းမှု ၅၆ ရာနှုန်းအထိ တိုးပြီးယုတ်လျော့လာပါသည်။ မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း စစ်တမ်း နိုဝင်ဘာ ၂၀၁၉မှ ဖေဖော်ဝါရီ ၂၀၂၀ ကာလအတွင်း အမြတ် ကျဆင်းမှု ၁၂ ရာနှုန်းရှိခဲ့ရာမှ ယင်းမှာသိသာစွာ ယုတ်လျော့မှုဖြစ်ပါသည်။ ယင်းမှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် အကောင်းဆုံးရပ်တည် ရင်ဆိုင်မှု တစ်ခုအနေနှင့် သုံးသပ်ရပါသည်။ ဧပြီ မေလများအတွင်းက စစ်တမ်းတွင် ဖြေဆိုသူများ၏ ၅၀ ရာနှုန်းက Covid-19 သည် ယင်းတို့ ရပ်တည်မှုအတွက် အတော်အသင့် သို့မဟုတ် ကြီးမားသော စိန်ခေါ်မှုဖြစ်ကြောင်းဖော်ပြပြီး ၁၂ ရာနှုန်းကသာ စိန်ခေါ်မှုဟု မထင်ကြောင်း ဖြေဆိုကြပါသည်။ စက်တင်ဘာ-အောက်တိုဘာလများအတွင်းက ဒုတိယအကြိမ် စစ်တမ်းတွင် ဖြေဆိုသူများ၏ ၄၅ ရာနှုန်းက Covid-19 သည် ယင်းတို့ရပ်တည်မှုအတွက် အတော်အသင့် သို့မဟုတ် ကြီးမားသော စိန်ခေါ်မှု ဖြစ်ကြောင်း ဖော်ပြပြီး ၃၀ ရာနှုန်းကသာ စိန်ခေါ်မှုဟု မထင်ကြောင်း ဖြေဆိုကြပါသည်။

၇၅ ရာခိုင်နှုန်းသော သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများက ၎င်းတို့အနေ ဖြင့် အလယ်အလတ်သို့မဟုတ် ကြီးမားသော စိန်ခေါ်မှုရှိနေကြောင်း အစီရင်ခံခဲ့သည်။ အထည်အလိပ်လုပ်ငန်းများ၊ အဝတ် အစားနှင့် သားရေထည်ပစ္စည်းလုပ်ငန်းများက ၅၉ ရာခိုင်နှုန်း၊ ဟိုတယ်တည်းခိုခန်း နေရာ ထိုင်ခင်းနှင့် ပတ်သက်သော စီးပွားရေး လုပ်ငန်းများ၏ ၅၄ ရာခိုင်နှုန်းနှင့် စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းများ၏ ၄၈ ရာခိုင်နှုန်းတို့က အလယ်အလတ် သို့မဟုတ် ကြီးမားသော စိန်ခေါ်မှုရှိနေကြောင်း ဖော်ပြခဲ့သည်။ အခြားတစ်ဖက်တွင် စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းများ၏ ၃၄ ရာခိုင်နှုန်းကအလယ်အလတ် သို့မဟုတ် ကြီးမားသော စိန်ခေါ်မှုရှိနေကြောင်းဖော်ပြပြီး ၃၇ ရာခိုင်နှုန်းကမူ စိန်ခေါ်မှု လုံးဝမရှိကြောင်း ဖြေဆိုကြပါသည်။ လက်လီစီးပွားရေးလုပ်ငန်းနှင့် လက်ကား စီးပွားရေးလုပ်ငန်း ၃၀ ရာခိုင်နှုန်းက စိန်ခေါ်မှုမြင့်မားကြောင်းနှင့် အတန်အသင့်စိန်ခေါ်မှုရှိကြောင်း အစီရင်ခံကြပြီး ၃၆ ရာခိုင်နှုန်းက စိန်ခေါ်မှုကိုမတွေ့ရကြောင်း ဖြေကြားကြသည်။ ရလဒ်များအရ အမျိုးသားလုပ်ငန်းပိုင်ရှင်များ၏ ၅၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး လုပ်ငန်းပိုင်ရှင်များ၏ ၄၂ ရာခိုင်နှုန်းတို့ကအလယ်အလတ် သို့မဟုတ် ကြီးမားသော စိန်ခေါ်မှု ရှိနေကြောင်း တုံ့ပြန်ဖြေဆိုကြကြောင်း တွေ့ရှိရသည်။ ဤသို့ဖြစ်ရခြင်းမှာ အများအားဖြင့် အမျိုးသားနှင့် အမျိုးသမီးပိုင်ရှင်များ လုပ်ကိုင်လေ့ရှိသော စက်မှုလုပ်ငန်းများအကြား အကျိုးသက်ရောက်မှုကွဲပြားမှုများ၊ အမျိုးသားပိုင် စီးပွားရေးလုပ်ငန်းများက


**ပုံ(၄)**

**ကိုဗစ်-၁၉ ကြောင့်ရောင်းအားများ ပြောင်းလဲခြင်း**




**ပုံ (၅)**

**မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်ကိန်းစစ်တမ်း ကောက်ယူချိန်နှင့် ကိုဗစ်-၁၉ စစ်တမ်းကောက်ယူချိန်တွင် စီးပွားရေးလုပ်ငန်းများအမြတ်ရရှိနိုင်မှုကိုနှိုင်းယှဥ်လေ့လာခြင်း**




**ပုံ (၆)**

**ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများဆက်လက်ရပ်တည်ရန် အန္တရာယ်ရှိ/မရှိအပေါ် လုပ်ငန်းရှင်များ၏ထင်မြင်ချက်**




ပိုမိုများပြားသော ပထဝီအနေအထား သို့မဟုတ် Covid-19 ကာလ အိမ်တွင်နေကြရန်အမိန့်များနှင့် ရင်ဆိုင်နေရခြင်း သို့မဟုတ် အမျိုးသမီးပိုင်ရှင်များအဖို့ စွန့်စားရခြင်းအားနှစ်သက်မှုများ စသည့်အချက်များကြောင့် ဖြစ်နိုင်သည်။[၃] ပထဝီအနေ အထားအရနှင့် စီးပွားရေးလုပ်ငန်းများအရ ရန်ကုန်နှင့်မြေလတ်ဒေသများတွင် စီးပွားရေးလုပ်ငန်း ၅၉ ရာခိုင်နှုန်းနှင့် ၅၇ ရာနှုန်းသည် အလယ်အလတ်နှင့် မြင့်မားသောသက်ရောက်မှုရှိကြောင်း တွေ့ရပါသည်၊ မြစ်ဝကျွန်းပေါ်ဒေသရှိ စီးပွားရေးလုပ်ငန်းများက ယင်းသို့သော စွန့်စားရမှုများ၏ ရာခိုင်နှုန်း၏ ၁၉ ရာခိုင်နှုန်းသာ ဖြေဆိုသည်ကိုတွေ့ရသဖြင့် အနည်းဆုံးဖြစ်နေပါသည်။


ငွေသားစီးဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ရမည့် စီးပွားရေးလုပ်ငန်းအချိုးမှာ ၆၄ ရာခိုင်နှုန်းရှိနေသေးသည်။ လာမည့်ငါးလတွင် ဆက်လက်ရှင်သန်ရန် လိုအပ်သော အနိမ့်ဆုံးငွေကြေးစီးဆင်းမှုပမာဏမှာခန့်မှန်းခြေအားဖြင့်ကျပ် ၁၇ ဒသမ ၃ သန်းမှ ၂၂.၃ သန်းအတွင်းဖြစ်သည်။ အကြောင်းမှာပထမအကြိမ်စစ်တမ်း ကောက်ယူစဥ်ကပင် စီးပွားရေးလုပ်ငန်းများသည်

ရောဂါကပ်ဘေးကို လျင်မြန်စွာ ကျော်လွှားနိုင်မည်ဟုမျှော်လင့်ထားသောကြောင့်ဖြစ်သည်။

ရောင်းအားနှင့်အမြတ်အစွန်းကိန်းဂဏန်းများသည်ဆိုးရွားနေသော်လည်း ရှင်သန်ရပ်တည်ရေး အခွင့်အလမ်းများနှင့် ပတ်သက်၍ အကောင်းမြင်မှုများ တိုးပွားလာခြင်းက စီးပွားရေးလုပ်ငန်းများသည် "နေထိုင်မှုပုံစံအသစ်" နှင့်လိုက်လျောညီထွေဖြစ်အောင် လေ့လာသင်ယူရန်ဖြစ်ပါသည်။ စစ်တမ်းတွင် ဧပြီမေလအတွင်း တင်ပြခဲ့သော ငွေကြေးစီးဆင်းမှုပြဿနာများ အလားအလာကြောင့် စီးပွားရေးမှ ဆုတ်ခွာသွားရသောလုပ်ငန်းများ အမျိုးအစားကိုလည်း ဖော်ပြမထားပါ။

**ပုံ (၇)**

**ကိုဗစ်-၁၉ကြောင့် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းအမျိုးအစားနှင့် ပထဝီဝင်နေရာကွာခြားမှုအလိုက် အန္တရာယ်ဖြစ်နိုင်ခြေ**





## ၃.၃ အခြေခံအဆောက်အအုံ

Covid-19 ပထမလှိုင်းအစတွင် စီးပွားရေးလုပ်ဆောင်ချက်အပေါ်ကန့်သတ်ချက်များနှင့် ဆက်စပ်၍ လျှပ်စစ်မီးရရှိမှု၊ ရေရရှိမှုနှင့် အင်တာနက်ကဲ့သို့သော အဓိကဝန်ဆောင်မှုများ ယိုယွင်းနိုင်သည်ဟု စိုးရိမ်မှုများ ရှိခဲ့ကြသည်။ ထို့ကြောင့် ပထမအကြိမ်စစ်တမ်းတွင် စီးပွားရေးလုပ်ငန်းရှင်များကို ဖော်ပြပါဝန်ဆောင်မှုများ၏ အရည်အသွေးအပေါ် ထင်မြင်ယူဆချက်များကို မေးမြန်းခဲ့ပြီး ၂၀၂၀ပြည့်နှစ် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းနှင့် နှိုင်းယှဉ်ခဲ့သည်။ ပထမအကြိမ်စစ်တမ်းတွင် လျှပ်စစ်မီးရရှိမှု၊ ရေရရှိမှုနှင့်တယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်းများတွင် ချို့ယွင်းချက်များမတွေ့ရသည့်အတွက် ဒုတိယအကြိမ် စစ်တမ်းတွင် ထည့်သွင်း မေးမြန်းခဲ့ခြင်းမရှိပါ။ အင်တာနက် ရရှိမှုနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များက ၂၀၂၀ပြည့်နှစ် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းနှင့် နှိုင်းယှဉ်လျှင် အလွန်ကောင်းမွန်လာသည်၊ အလွန်ဆိုးလာသည် စသည်ဖြင့်ဖြေဆိုကြသည်။ နေအိမ်မှအလုပ်လုပ်ခြင်း နှင့် အားလပ်ချိန်များတွင် အင်တာနက်ပိုမို အသုံးပြုလာ ကြခြင်းတို့ကြောင့် အင်တာနက်

ဝန်ဆောင်မှုလိုအပ်ချက် မြင့်မားလာသည်။ အင်တာနက်ဝန်ဆောင်မှုနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ၏ အယူအဆကွဲပြားရခြင်းမှာ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အင်တာနက်အရည်အသွေးကို ပို၍အာရုံစိုက်လာခြင်းကြောင့်ဖြစ်သည်။ ဒုတိယအကြိမ် စစ်တမ်းတွင် စီးပွားရေးလုပ်ငန်းများ၏အမြင်သည် ၂၀၂၀ပြည့်နှစ် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းနှင့် ပို၍ဆင်တူသည်။ နိုဝင်ဘာ ၂၀၁၉မှ ဖေဖော်ဝါရီ ၂၀၂၀ အတွင်းကောက်ယူခဲ့သော မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း စစ်တမ်းတွင် ဖြေဆိုသူ ၇၄ ရာခိုင်နှုန်းက အင်တာနက်အရည်အသွေး ကောင်းမွန်သည် (သို့) အလွန်ကောင်းမွန်သည်ဟု ဖြေဆိုကြသည်။ ဧပြီနှင့်မေလတွင် ကောက်ယူခဲ့သော Covid-19 ပထမအကြိမ်စစ်တမ်းတွင် ၆၁ ရာခိုင်နှုန်းအထိကျဆင်းလာပြီး ယခုစစ်တမ်းတွင် ၆၈ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းစစ်တမ်းတွင် အင်တာနက်ဝန်ဆောင်မှု အနည်းငယ်ညံ့ဖျင်းသည်၊ ညံ့ဖျင်းသည် (သို့) အလွန် ညံ့ဖျင်းသည်ဟု ဖြေဆိုသူမှာ ၈ ရာခိုင်နှုန်းသာရှိသည်။ ၎င်းသည် Covid-19 ပထမအကြိမ် စစ်တမ်းတွင် ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဒုတိယအကြိမ် စစ်တမ်းတွင် ၁၀ ရာခိုင်နှုန်းပြန်လည်ကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီနှင့်မေလတွင် အင်တာနက် ဝန်ဆောင်မှုဆိုးရွားသည်ဟု ထင်မြင်ခဲ့ကြသော်လည်း စက်တင်ဘာနှင့်အောက်တိုဘာလများတွင် ပြန်လည် ကောင်းမွန်လာသည်။

**ပုံ (၈)**

**စီးပွားရေးလုပ်ငန်းများတည်ရှိရာ မြို့နယ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေး**




## ၃.၄။ အလုပ်အကိုင်အခွင့်အလမ်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမှ အောက်တိုဘာလအထိ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဝန်ထမ်းများ၏ ပျှမ်းမျှ အရေအတွက်မှာ ၁၁.၆ ဖြစ်ပါသည်။ ၎င်းသည် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း-၂၀၂၀ (MBEI 2020) စစ်တမ်း (၁၁.၈)နှင့် ပထမအကြိမ် Covid-19 စစ်တမ်း (၁၂.၁)တွင် ဖော်ပြထားသော ဝန်ထမ်းအရေအတွက်နှင့် အနည်းငယ်နိမ့်သော်လည်း ကိန်းစာရင်းအင်းတန်ဖိုးအရ သိသာမှုမရှိပါ။ ထို့ကြောင့် တရားဝင် စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း-၂၀၂၀ (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ) စစ်တမ်းနှင့် ဒုတိယအကြိမ် Covid-19 စစ်တမ်းကောက်ယူခဲ့သည့် ကာလအကြားတွင် အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျသွားသည်ဟူသော ခိုင်လုံသည့် သက်သေ အထောက်အထားများမရှိပါ။ သို့သော်လည်း လုပ်ငန်းကဏ္ဍ အဆင့်တွင် စစ်ဆေးမှုရလဒ်များမှာ ကွဲပြားခြားနားသည့်ကိုပြသပါသည်။(ပုံ ၉ ကိုကြည့်ပါ) ဟိုတယ်နှင့် တည်းခိုရေးကဏ္ဍရှိ ဝန်ထမ်းများ၏ ပျမ်းမျှအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီ-မေလမှ စ၍ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း-၂၀၂၀ (MBEI 2020) မှစ၍ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အထည်အလိပ်၊ အဝတ်အထည်နှင့် သားရေထုတ်လုပ်သည့် လုပ်ငန်းများတွင် ဝန်ထမ်း၏ ပျမ်းမျှ အရေအတွက်မှာ ၁၄ ရာခိုင်နှုန်း ကျဆင်းသွားသည်။ (မြန်မာ့စီးပွားရေးဝန်ကျင် ညွှန်းကိန်း-၂၀၂၀ (MBEI 2020)တွင် ဖော်ပြထားသည့် ရလဒ်များနှင့် နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်း နိမ့်ကျဆင်းခဲ့ပါသည်) သို့သော် ဒုတိယအကြိမ် Covid-19 စစ်တမ်းတွင် လက်လီနှင့် လက်ကားလုပ်ငန်းကဏ္ဍရှိ ဝန်ထမ်းများ၏ ပျမ်းမျှအရေအတွက် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း-၂၀၂၀ (MBEI 2020)စစ်တမ်း၏ ရလဒ်များထက် ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လာပါသည်။ ၎င်း


တိုးတက်မှုအများစုသည် MBEI ၂၀၂၀ စစ်တမ်းနှင့် ပထမအကြိမ် Covid-19 စစ်တမ်းကာလအကြား ဖြစ်ပေါ်လာခဲ့သည်။ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများ၊ အခြေခံသတ္တုနှင့် သတ္တုထုတ်ကုန်များ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများသည် ပထမအကြိမ် Covid-19 စစ်တမ်းကောက်ယူသည့် အချိန်တွင် ဝန်ထမ်းအရေအတွက် နည်းပါးခဲ့သော်လည်း၊ ဒုတိယအကြိမ် Covid-19 စစ်တမ်းကောက်ယူချိန်တွင် ဝန်ထမ်းအရေအတွက်သည် အတိုင်းအတာတစ်ခုအထိ ပြန်လည် ဦးမော့လာသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။

ပထမအကြိမ် Covid-19 စစ်တမ်းတွင် စီးပွားရေးလုပ်ငန်းတစ်ခု၏ ပျှမ်းမျှ အမျိုးသမီးဝန်ထမ်း အရေအတွက်သည် အပြောင်းအလဲမရှိပါ။ သို့သော် စက်တင်ဘာလမှ အောက်တိုဘာလ စစ်တမ်းတွင် ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တရားဝင် စီးပွားရေးလုပ်ငန်းတစ်ခုစီအတွက် အမျိုးသမီးဝန်ထမ်းများ၏ ပျှမ်းမျှအရေအတွက်မှာ ၁၀ ရာခိုင်နှုန်း သို့မဟုတ် လုပ်ငန်းတခုစီလျှင် ပျှမ်းမျှ ၅.၀ မှ ၄.၅ ဦးထိ ကျဆင်းသွားပါသည်။ ၎င်းသည် အမျိုးသမီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် အလွန်ဆက်စပ်မှုရှိနေသော အထည်အလိပ်၊ အဝတ်အထည်နှင့် သားရေကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်အကိုင်များကျဆင်းခြင်းနှင့် ဟိုတယ်နှင့် တည်းခိုရေး လုပ်ငန်းတွင် ဝန်ထမ်းလျှော့ချခြင်းတို့နှင့် ဆက်စပ်နိုင်ပါသည်။

စက်တင်ဘာလမှ အောက်တိုဘာလ Covid-19 စစ်တမ်းတွင် Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် ပျမ်းမျှအားဖြင့် ဝန်ထမ်း ၂.၄ ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ပထမအကြိမ်Covid-19 စစ်တမ်းတွင် ဖော်ပြခဲ့သော အလုပ် ထုတ်ပယ်မှု ရလဒ်ထက် ၂.၁ အလုပ်ထုတ်ပယ်မှု အနည်းငယ်တိုးလာပါသည်။ အလုပ်ထုတ်ပယ်ခံထားရသော ဝန်ထမ်း အရေအတွက်ပေါ် မူတည်၍တွက်ချက်ပါက Covid-19 မတိုင်မီက ဖော်ပြခဲ့သည့် ပျှမ်းမျှဝန်ထမ်းအရေအတွက်သည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း-၂၀၂၀ တွင် စီးပွားရေးလုပ်ငန်းတစ်ခုစီ၏ ပျမ်းမျှဝန်ထမ်းထက် ပိုမိုများပြားနိုင်ပါသည်။ ဤအချက်က Covid-19 ကမ္ဘာ့ကပ်ရောဂါသည် တရားဝင် စီးပွားရေး လုပ်ငန်းများတွင်ရှိသော အလုပ်အကိုင်အခွင့်အလမ်း တစ်ခုလုံးကို ကျဆင်းစေလိမ့်မည်ဟု ဆိုလိုသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေ

ပုံ (၉)

**လုပ်ငန်းအမျိုးအစားအလိုက် ပျှမ်းမျှဝန်ထမ်းအရေအတွက်ပြောင်းနှုန်း**




အဖွဲ့၏ ထုတ်ပြန်ချက်အရ Covid-19 မတိုင်မီက နှစ်များစွာ အတွင်း မြန်မာ့စီးပွားရေးသည် တစတစ အလျင်အမြန်တိုးတက်ခဲ့ပါသည်။ (IMF 2020b) Covid-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများသည် တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၏ ရေရှည်တိုးတက်မှု အလားအလာအား သက်ရောက်မှုနှင့် တိုက်ဆိုင်နေပါသည်။ ထို့ကြောင့် Covid-19 ကမ္ဘာ့ကပ်ရောဂါသည် အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှု၏ တစိတ်တပိုင်းမှာ တရားဝင် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မှုနှုန်းကို ကျဆင်းမှုကြောင့် ဖြစ်နိုင်ပါသည်။ ၎င်းအချက်အလက်များကိုကြည့်ခြင်းအားဖြင့် ချက်ချင်း မသိနိုင်သော ကိစ္စတစ်ခုဖြစ်ပါသည်။ မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း-၂၀၂၀ စစ်တမ်းနှင့် ပထမအကြိမ် Covid-19 စစ်တမ်းကာလအကြား စီးပွားရေး လုပ်ငန်းများ တိုးချဲ့ခြင်းသည် စီးပွားရေးလုပ်ငန်းများတွင်ရှိသော ပျမ်းမျှ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှု မရှိကြောင်း ရှင်းပြနိုင်သည့် အချက်ဖြစ်နိုင်ပါသည်။ မတူညီကွဲပြားသော စက်မှုကဏ္ဍများအကြား အလုပ်အကိုင်အခွင့်အလမ်းများ ပြောင်းရွှေ့ လုပ်ကိုင်ခြင်းများ ရှိနိုင်ပါသည်။ ဥပမာအားဖြင့် - လက်လီနှင့် လက်ကားလုပ်ငန်းသည် အခြားစက်မှုလုပ်ငန်းများမှ ထုတ်ပယ်ထားသော ဝန်ထမ်းအချို့ကို ခေါ်ယူနိုင်ခဲ့သည်။ ဧပြီလမှ မေလနှင့် စက်တင်ဘာလမှ အောက်တိုဘာလ စစ်တမ်းနှစ်ခုကြား ထပ်မံ၍ အလုပ်သမားများအား အလုပ်မှ ထုတ်ပယ်ရန် အစီအစဉ်များသည် လျော့နည်းသွားပါသည်။ ဧပြီလမှ မေလစစ်တမ်းတွင် စီးပွားရေးလုပ်ငန်း၏ ၇ ရာခိုင်နှုန်းက အလုပ်သမားများအား ရာထူးမှ ထုတ်ပယ်ရန် အစီအစဉ်ရှိသော်လည်း စက်တင်ဘာလမှ အောက်တိုဘာလစစ်တမ်းတွင် စီးပွားရေးလုပ်ငန်း ၅ ရာခိုင်နှုန်းသာလျှင် ထိုကဲ့သို့သော အစီအစဉ်များရှိကြပါသည်ဟု အစီရင်ခံပါသည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ပျမ်းမျှ ၀.၂၇ ဦးခန့်နှင့် စုစုပေါင်းလုပ်သားအင်အား၏ ၂.၄ ရာခိုင်နှုန်းနှင့်ညီမျှသည်။

၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှမေလအချိန်တွင် စီးပွားရေးလုပ်ငန်းများသည် အခြားအဆင့်ရှိဝန်ထမ်းနှင့် နှိုင်းယှဉ်ပါက အောက်ခြေအဆင့်ရှိ ဝန်ထမ်းအရေအတွက် အများစုကို လျော့ချခဲ့ကြောင်း ဖော်ပြပါသည်။ ဤဖြစ်စဉ် အလားအလာကြောင့် စက်တင်ဘာလမှ အောက်တိုဘာလအထိ စီးပွားရေးလုပ်ငန်း တစ်ခုစီအတွက် အောက်ခြေအဆင့်ရှိ ဝန်းထမ်းများ၏ ပျမ်းမျှအရေအတွက် နောက်ထပ် ၁၃ ရာခိုင်နှုန်း ဆက်လက်လျော့ချခဲ့ပါသည်။ ယင်းရလဒ်သည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း-၂၀၂၀ (MBEI 2020)၏ ရလဒ်ဖြစ်သော ၂၉ ရာခိုင်နှုန်း ကျဆင်းသွားသည်။ အံ့သြစရာကောင်းသည့်အချက်မှာ မန်နေဂျာ ၃၅ ရာခိုင်နှုန်းကို လျော့ချခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဧပြီလမှမေလအထိ စီးပွားရေးလုပ်ငန်း တစ်ခုစီက မန်နေဂျာ ၀.၇၄ ဦး မှ စက်တင်ဘာလမှအောက်တိုဘာလအတွင်း ၀.၄၈ သို့ ကျဆင်းသွားခြင်းကြောင့်ဖြစ်ပါသည်။ MBEI ၂၀၂၀နှင့် ပထမအကြိမ် Covid-19 စစ်တမ်းအကြား မန်နေဂျာအရေအတွက် သိသိသာသာ ပြောင်းလဲမှု မရှိခဲ့ပါ။ အခြားတစ်ဖက်တွင် ထိုကာလအတွင်း စီးပွားရေးလုပ်ငန်းတစ်ခုစီတွင် ပညာရှင်အဆင့်ရှိ ဝန်ထမ်း၏ ပျမ်းမျှအရေအတွက် ၅၅ ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ စီးပွားရေးလုပ်ငန်းတစ်ခုလျှင် ပညာရှင်အဆင့်ရှိ ဝန်ထမ်း ၂.၄၉ ဦး ရှိပါသည်။ ယေဘုယျအားဖြင့် ဝန်ထမ်းအရေအတွက်နှင့် ပတ်သက်သောအချက်အလက်များသည် ရှုပ်ထွေးပြီး အသေးစိတ် နောက်ခံအကြောင်းအရာများကို နားလည်နိုင်ရန်တွက် အချက်အလက်များကို ထပ်မံခွဲခြမ်းစိတ်ဖြာရန်လိုအပ်ပါသည်။

**ပုံ ၁၁**

**အနားပေးလိုက်သော ဝန်ထမ်းများသည် အခြားဝင်ငွေရလမ်း ရှိနိုင်သည်ဟု ထင်ခဲ့ပါသလား**



စီးပွားရေးလုပ်ငန်းများကို မေးမြန်းခဲ့ရာတွင် ၎င်းတို့မှ အလုပ်မှ ထုတ်ပယ်ပြီး ပြန်ငှားရမ်းခြင်းမပြုခဲ့သော ဝန်ထမ်းများ အနေဖြင့် အခြားဝင်ငွေရ အရင်းအမြစ်များကို ရှာတွေ့ရှိခဲ့ပါသည်။ ၄၀ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ပိုင်ရှင်က ၎င်းတို့မှ ထုတ်ပယ်လိုက်သော ဝန်ထမ်းများအား အချို့ထောက်ပံ့မှုများ ပေးခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ (ပုံ ၁၀ ကိုကြည့်ပါ)၊ စီးပွားရေးလုပ်ငန်းပိုင်ရှင် ၂၅ရာခိုင်နှုန်းကသာ ၎င်းတို့အလုပ် ဖြုတ်လိုက်သော ဝန်ထမ်းများအနေဖြင့် အခြားအလုပ်အကိုင် အခွင့်အလမ်းများ ရှာတွေ့ခဲ့သည်ဟုဆိုပါသည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင် ၉ ရာခိုင်နှုန်းကသာ သူတို့ ထုတ်ပယ်လိုက်သောဝန်ထမ်းများသည် အစိုးရထံမှ ထောက်ပံ့ပေးသော အစီအစဉ်များ လက်ခံရရှိသည်ဟုဆိုပါသည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင် ၁၃ ရာခိုင်နှုန်းက ၎င်းတို့ ထုတ်ပယ်လိုက်သော ဝန်ထမ်းများ သည် အခြားဝင်ငွေ အရင်းအမြစ်များကို ရှာတွေ့/မတွေ့သည် ကို မသိခဲ့ကြပါ။


## ၃.၅။ ငွေကြေးအရင်းအနှီး ရရှိနိုင်မှု

စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စီးပွားရေး လုပ်ငန်းများ၏ ၆၄ ရာခိုင်နှုန်းသည် သူတို့၏ စီးပွားရေး ရှင်သန်ရပ် တည်ရေးကို ခြိမ်းခြောက်နေသော COVID-19 ကြောင့် ငွေသား စီးဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။ ဝင်ငွေနည်းလာသည်နှင့်အမျှ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကို ပေးဆောင်ရန် လုပ်ငန်းရှင်သန်ရေး အတွက် အရေးကြီးသောချေးငွေများကို လိုအပ်လာပါသည်။ ပထမအကြိမ် Covid-19 စစ်တမ်းအရ စီးပွားရေးလုပ်ငန်းများသည် MBEI 2020 စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ငွေများပိုမိုချေးယူခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ဒုတိယအကြိမ် စစ်တမ်းရလဒ်များအရ ယင်းအလားအလာသည် ချေးငွေ ရယူထား သော လုပ်ငန်းအရေအတွက်နှင့် ကြည့်ပါက ထပ်မံ တိုးတက်နေပုံမရဘဲ ရပ်တန့်နေပုံရပါသည်။ သို့သော်လည်း ချေးငွေများကို မရရှိနိုင်ကြောင်း စီးပွားရေး လုပ်ငန်းများက တင်ပြသည်များ ဆက်လက်၍ များလာပါသည်။ (ပုံ ၁၁ ကိုကြည့်ပါ) MBEI 2020 စစ်တမ်းတွင်စီးပွားရေးလုပ်ငန်း ၁၁ ရာခိုင်နှုန်းက ချေးငွေမရရှိကြောင်းတင်ပြခဲ့သည်။ ထိုအချိုးသည် ပထမအကြိမ် Covid-19 စစ်တမ်းတွင် ၁၈ ရာခိုင်နှုန်းနှင့် ဒုတိယစစ်တမ်းတွင် ၂၅ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့သည်။

ပထမအကြိမ်စစ်တမ်းတွင် ဖော်ထုတ်နိုင်သည့် အခြားအလားအလာတစ်ခုမှာ အသေးစားချေးငွေအဖွဲ့အစည်းများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် မိသားစုအပေါ် မှီခိုမှုတိုးပွားလာသည့် စီးပွားရေးလုပ်ငန်းများမှ ငွေချေးခြင်း အပြုအမူဖြစ်ပါသည်။ ဒုတိယအကြိမ် စစ်တမ်းအရ စီးပွားရေးလုပ်ငန်းများသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှချေးငွေပမာဏ

**ပုံ ၁၁**

**စီးပွားရေးလုပ်ငန်းများ၏ အစိုးရ၊ ပုဂ္ဂလိက၊ အသေးစားချေးငွေနှင့် အခြား ငွေကြေးအရင်းမြစ်များမှ ငွေချေးယူမှု အချိုးများ**




အနည်းအကျဉ်းနှင့် အရေးပေါ်ချေးငွေအပါအဝင် နိုင်ငံတော်၏ ချေးငွေပေါ်မှီခိုလာမှုကို ပြသပါသည်။ ယင်းသို့ဖြစ်ရခြင်းသည် ပုဂ္ဂလိကဘဏ်များမှ ပုံမှန်အားဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သောချေးငွေနေရာတွင် Covid-19 ကာလအတွင်း စီးပွားရေးလုပ်ငန်း လည်ပတ်မှုအတွက် အသေးစားအရေးပေါ် ချေးငွေများ လိုအပ်ခြင်းဖြစ်ကြောင်း တစိတ်တပိုင်းဖြစ်ပုံရပါသည်။ တစ်ချိန်တည်းမှာပင် အသေးစားငွေကြေးအဖွဲ့အစည်းများ(MFIs)၊ တရားမဝင်သောငွေကြေးအရင်းမြစ်များနှင့် အစိုးရ၏အရေးပေါ်ချေးငွေများ၏ ချေးငွေလိုအပ်ချက်များမှာ ရှုပ်ထွေးမှုနည်းပြီး အများအားဖြင့် အပေါင်ပစ္စည်း မလိုအပ်ပါ။

စစ်တမ်းက အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များထံမှ အတိုးနှုန်းများသည် အသေးစားချေးငွေလုပ်ငန်းများနှင့် တရားဝင်မဟုတ်သော ချေးငွေများနှင့်နှိုင်းယှဉ်လျှင် ပိုမိုနိမ့်ကျကြောင်း ဖော်ပြခဲ့သည်။ ဒုတိယစစ်တမ်းကောက်ယူချက်အရ အသေးစားချေးငွေလုပ်ငန်းများမှ ကောက်ခံသောပျမ်းမျှနှစ်စဉ်အတိုးနှုန်းမှာ ၁၄ရာခိုင်နှုန်းဖြစ်ပြီးအစိုးရနှင့် ပုဂ္ဂလိကဘဏ်များ၏ အတိုးနှုန်းမှာ ၇.၅ရာခိုင်နှုန်း ဖြစ်ပါသည်။ ဒုတိယအကြိမ်တိုင်းတာမှုများအရ ၅၇ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် ချေးငွေပြန်ဆပ်ရန်အတွက် အနည်းငယ်သို့မဟုတ် လေးနက်သော စိုးရိမ်မှုများရှိကြောင်း ပြသခဲ့သည်။ ပထမအကြိမ်စစ်တမ်းမှ ကောက်ယူခဲ့သော စီးပွားရေးလုပ်ငန်းများအား နှိုင်းယှဉ်ပါက အဆိုပါစိုးရိမ်မှုသည် ၁၀ ရာခိုင်နှုန်းခန့် လျော့ကျသွားသည်။ ပြန်ဆပ်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိသော စီးပွားရေးလုပ်ငန်း သုံးပုံတစ်ပုံခန့်သည် ၎င်းတို့၏ ချေးငွေများကို ရွှေ့ဆိုင်းရန် ငွေချေးသူနှင့် ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ ဆွေးနွေးမှုများပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်း ၅၅ ရာခိုင်နှုန်းက ၎င်းတို့၏ ငွေချေးသူများကို သဘောတူကြောင်းနှင့် ၁၇ ရာခိုင်နှုန်းက ပယ်ချခံရပြီးကျန်သူများကမူ ပြောရန်စောလွန်းသည်ဟု ဆိုကြသည်။

အချုပ်အားဖြင့်ဆိုရသော် စီးပွားရေးလုပ်ငန်းများအား ငွေကြေးရင်းမြစ်ရရှိမှုနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းများ၏ သဘောထားအမြင်များကို မေးမြန်းခဲ့သည်။ အပေါင်ပစ္စည်းမပါ

ပုံ ၁၂

**မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းစစ်တမ်းနှင့် ကိုဗစ်-၁၉ စစ်တမ်းကောက်ယူချိန်တွင် စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေရရှိနိုင်မှုနှိုင်းယှဉ်လေ့လာခြင်း**



ဘဲ ချေးငွေများ မရရှိနိုင်ကြောင်း အဆိုအား အခိုင်အမာ သဘောတူထားသော စီးပွားရေးလုပ်ငန်းများသည် MBEI 2020 စစ်တမ်းတွင် ၂၀ ရာခိုင်နှုန်းမှ Covid-19 စစ်တမ်းတွင် ၃၂ ရာခိုင်နှုန်းအထိ တိုးလာသည်။ ဒုတိယစစ်တမ်းတွင်မူ ဤအချိုးသည် ၂၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ MBEI 2020 စစ်တမ်းကာလအတွင်း ၁၁ ရာခိုင်နှုန်းသောလုပ်ငန်းများက အပေါင်ပစ္စည်းမပါဘဲ ချေးငွေများရနိုင်သည်ဟု ပြောကြားခဲ့သည်။ ဤအချက်သည် Covid-19 စစ်တမ်းနှစ်ခုစလုံးတွင် စီးပွားရေးလုပ်ငန်းများ အပေါင်ပစ္စည်းမလိုအပ်ဟု ဖြေကြားခဲ့သည့် ၂၀ ရာခိုင်နှုန်းခန့်ထက် နိမ့်ကျနေသည်။ ပထမ အကြိမ် Covid-19 စစ်တမ်းတွင် ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ထင်မြင်ချက်များသည် ပိုမို၍ မတူညီသောအမြင်ပုံစံများဖြင့်ဖြင့်ပျံ့နှံ့သွားခဲ့သည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေလုပ်ထုံးလုပ်နည်းများသည် အလွန်ရှုပ်ထွေးပြီးပြဿနာကြီးသည်ဟု တင်ပြသောအဆိုအား ခိုင်မာစွာသဘောတူကြောင်း ပြောဆိုမှုမြင့်တက်လာခဲ့ပြီး အခြားတဖက်၌ ပထမအကြိမ် Covid-19 စစ်တမ်းတွင် ဤအဆိုအားဆန့်ကျင်သော စီးပွားရေးလုပ်ငန်းများလည်း များပြားလာပါသည်။ ဤအဆိုနှင့်ပါတ်သက်၍ ဒုတိယအကြိမ် စစ်တမ်းကောက်ယူမှုအရ တွေ့ရှိချက်များသည် လက်တွေ့အားဖြင့် ပထမအကြိမ်တွေ့ရှိချက်များနှင့် ဆင်တူရိုးမှားပင်ဖြစ်ပါသည်။

## ၃.၆။ အစိုးရ အထောက်အပံ့များ


Covid-19၏ စီးပွားရေးဆိုးကျိုးများ ရင်ဆိုင်နေရသော စီးပွားရေးလုပ်ငန်းများကို မြန်မာအစိုးရက ထောက်ပံ့ရေးလုပ်ဆောင်ချက်များပြုလုပ်ခဲ့သည်။ ၂၀၂၀ ဧပြီလနှောင်းပိုင်းတွင် ထုတ်ဝေသောအစိုးရ၏ COVID-19 စီးပွားရေး ကယ်ဆယ်ရေးအစီအစဉ်သည် အဆိုပါ လုပ်ဆောင်ချက်များနှင့် မူဝါဒများကို မီးမောင်းထိုးပြထားသည် (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၀) ။ Covid-19 စစ်တမ်းနှစ်ခုစလုံးသည် အစိုးရအထောက်အပံ့မှ စီးပွားရေး လုပ်ငန်းများ အကျိုးခံစားခဲ့ရသည်ကိုလည်း ရှာဖွေခဲ့သည်။

စီးပွားရေးလုပ်ငန်းများအတွက် အစိုးရအထောက်အပံ့တစ်ခုမှာ အရေးပေါ် ချေးငွေပေးခြင်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန (MIFER) မှ ၂၀၂၀ ခုနှစ် အောက်တိုဘာ လလယ်အထိ စီးပွားရေးလုပ်ငန်း ၅၆၃၄ ခုအား ကျပ် ၁၄၃.၀၂၇ ဘီလီယံတန်ဖိုးရှိ အရေးပေါ်ချေးငွေများ ထုတ်ချေးပြီးဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ MIFERမှ တင်ပြသော ကိန်းဂဏန်းများသည် လုံးလုံးလျားလျား အထင်ကြီးဖွယ်ရှိပုံရသော်လည်း တနိုင်ငံလုံးအဆင့်တွင် စီးပွားရေးအပေါ် သက်ရောက်မှုရှိရန် ချေးငွေများသည် လုံလောက်မှုရှိမရှိနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ ဒေသခံ လုပ်ငန်းများသည် ချေးငွေအစီအစဉ်ကို သိရှိခြင်းနှင့် အကျိုးခံစား ရခြင်းရှိမရှိကို ပထမစစ်တမ်းတွင် သံသယဖြစ်ခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ မေလအထိ စီးပွားရေးလုပ်ငန်း ၆၂ ရာခိုင်နှုန်းက ၎င်းတို့သည် အရေးပေါ်ချေးငွေကို မသိရှိကြောင်း ပြောကြားခဲ့သည်။ ဖြစ်နိုင်ခြေမှာ မူဝါဒကိုကြေငြာ ပြီးပြီးခြင်း ပထမအကြိမ် စစ်တမ်းကောက်ယူခဲ့သောကြောင့် ဖြစ်နိုင်သည်။ ၂၀၂၀ စက်တင်ဘာ - အောက်တိုဘာစစ်တမ်းတွင် အရေးပေါ်ချေးငွေ အစီအစဥ်များကို သိရှိလာသော တရားဝင် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းမှာ ၃၈ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းသို့ သိသိသာသာ မြင့်တက်လာသည်။ အခြားတစ်ဖက်တွင်မူ စက်တင်ဘာ - အောက်တိုဘာ စစ်တမ်းတွင် စီးပွားရေး၏ ၂ ရာခိုင်နှုန်းသာ အရေးပေါ် ချေးငွေကို အောင်မြင်စွာရရှိခဲ့သည်ဟု အစီရင်ခံကြသည်။[၄] နောက်ထပ် ၅ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် သူတို့၏ လျှောက်လွှာကို စောင့်ဆိုင်းနေဆဲဖြစ်ပြီး စီးပွားရေးလုပ်ငန်း ၃ရာခိုင်နှုန်းသည် ချေးငွေလျှောက်ထားမှုကို အငြင်းခံခဲ့ရသည်။ စီးပွားရေးလုပ်ငန်း ၆ ရာခိုင်နှုန်းက အစိုးရချေးငွေလျှောက်ထားရန် ကြိုးစားခဲ့သော်လည်း အလွန်ခက်ခဲကြောင်း အစီရင်ခံခဲ့သည်။ ချေးငွေလျှောက်ထားသူ (၁၀ ရာခိုင်နှုန်း) နှင့် နှိုင်းယှဉ်လျှင် အဆိုပါ ရာခိုင်နှုန်းသည် အတော်မြင့်မားနေပြီး ချေးငွေလျှောက်လွှာ လုပ်ငန်းစဉ်ကို ပိုမိုရိုးရှင်းအောင် ပြုလုပ်သင့်ကြောင်း မီးမောင်းထိုးပြနေသည်။

Covid-19 စစ်တမ်းနှစ်ခုလုံးတွင် ကုန်သွယ်ခွန်၊ သုံးလတစ်ကြိမ်ဆောင်ရသော ဝင်ငွေခွန် ဆိုင်းငံ့မှုနှင့် ပို့ကုန်အပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ကင်းလွတ်ခွင့်တို့နှင့် ပတ်သက်၍ အလားတူ မေးခွန်းများ မေးခဲ့ကြသည်။ အရေးပေါ်ချေးငွေကဲ့သို့ ဧပြီ - မေ အခြေအနေနှင့် နှိုင်းယှဉ်ပါက အစိုးရ၏ အခြားပံ့ပိုးမှု အမျိုးအစားများနှင့် ပတ်သက်၍ လူအများ သိရှိမှုသည် စက်တင်ဘာ-အောက်တိုဘာတွက် တိုးတက်လာသည်။ ကုန်သွယ်ခွန်ကို ရွှေ့ဆိုင်းခြင်းကို စီးပွားရေးလုပ်ငန်းရှင် ၃၉ ရာခိုင်နှုန်းက သိသော်လည်း ၈ ရာခိုင်နှုန်းသာ အကျိုးခံစားခဲ့ရသည်။ သုံးလတစ်ကြိမ်ဝင်ငွေခွန် ရွှေ့ဆိုင်းခြင်းကို ၂၅ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများမှ သိထားခဲ့သော်လည်း ၅ ရာခိုင်နှုန်းသာ အကျိုးအမြတ် ခံစားခဲ့ရသည်။ ဒုတိယအကြိမ် စစ်တမ်းဖြေဆိုသူ (၂၀) ရာခိုင်နှုန်းက ပို့ကုန်အပေါ် ဝင်ငွေခွန်မှကင်းလွတ်ခွင့်ရကြောင်း ကြားသိရပြီး အခြားပံ့ပိုးမှုနှင့် နှိုင်းယှဉ်လျှင် မြင့်မားသောအချိုး ၈ ရာခိုင်နှုန်းက ၎င်းမှ အကျိုးခံစားရကြောင်း ပြောကြားခဲ့သည်။ ဤမူဝါဒသုံးခုကို ကြားသိခဲ့ရသော စီးပွားရေးလုပ်ငန်းအများစုက ၎င်းတို့သည် စိတ်မဝင်စား

**ပုံ (၁၂)**

**စီးပွားရေးလုပ်ငန်းများသည် အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထည်အလိပ်နှင့် ခရီးသွားလုပ်ငန်းအတွက် အရေးပေါ်ရံပုံငွေအစီအစဉ်မှ အကျိုးအမြတ်ရရှိခဲ့ပါသလား**




ကြောင်း ပြောဆိုကြသည်။ ဤသို့ ပြောဆိုခြင်းအတွက် ဖြစ်နိုင်ချေရှိသော ရှင်းပြချက်မှာ အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်း (MSME) များသည် ထုတ်ကုန်များတင်ပို့ခြင်း သို့မဟုတ် အခွန်အနည်းငယ် သို့မဟုတ် လုံးဝမပေးဆောင်ခြင်းတို့ကြောင့် အဆိုပါ မူဝါဒများ အကျိုးသက်ရောက်မှု ရှိမနေခြင်း ဖြစ်သည်။ ကုန်သွယ်ခွန် ဆိုင်းငံ့ခြင်းနှင့် သုံးလတစ်ကြိမ် ဝင်ငွေခွန်အတွက် အချို့စီးပွားရေး လုပ်ငန်းများသည် အဆိုပါ ပံ့ပိုးမှုမူဝါဒများအား အသုံးချခွင့် မရှိခြင်း သို့မဟုတ် လျှောက်လွှာဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အလွန်ရှုပ်ထွေးကြောင်း တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေကာမူ အခွန်မူဝါဒသုံးခုစလုံးသည် အရေးပေါ်ချေးငွေထက် စီးပွားရေးလုပ်ငန်းများကို ပိုမိုအကျိုးရှိစေသည်။

စီးပွားရေးလုပ်ငန်းများ၏ ၅၆ ရာခိုင်နှုန်းသည် အစိုးရ၏ လျှပ်စစ်ခတ်အားခ လျှော့ပေးခြင်းကို ရရှိခဲ့ပြီး ၄၃ ရာခိုင်နှုန်းကမူ မကြားဖူးသေးပါ။ အဆိုပါ ထောက်ပံ့ခြင်း အကြောင်းကို သိသောသူတို့ ဘယ်သူမျှမက လက်ခံ မရရှိကြောင်း အစီရင်မခံခဲ့ပါ။ အထက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများ အပြင် တစ်ခြားသော အစိုးရအထောက်အပံ့များကို လက်ခံရရှိခဲ့ကြောင်း စီးပွားရေး လုပ်ငန်းများ၏ ၁ ရာခိုင်နှုန်းသာ ဖော်ပြခဲ့သည်။

စီးပွားရေးလုပ်ငန်းများကို အစိုးရမှ ကူညီရန် နောက်ထပ်ဘာတွေလုပ်နိုင်မလဲဟု မေးမြန်းသောအခါ စီးပွားရေးလုပ်ငန်းများသို့ တိုက်ရိုက်ထောက်ပံ့ငွေများနှင့်အတူ အခွန်လျှော့ချမှုသည် အဖြေအများဆုံးဖြစ်သည်။ အဆိုပါ နှစ်ချက်လုံးသည် စက်တင်ဘာ - အောက်တိုဘာစစ်တမ်း ဖြေဆိုသူ သုံးပုံနှစ်ပုံခန့်က ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဖြေဆိုသူ တဝက်နီးပါးကသာ စီးပွားရေးလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ချေးငွေထပ်တိုးမြှင့်ခြင်း အစီအစဉ်ကို ထောက်ခံခဲ့ကြသည်။ ဝန်ထမ်းများအတွက် လစာထောက်ပံ့မှုနှင့် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ကို စီးပွားရေးလုပ်ငန်း ၄၀ ရာခိုင်နှုန်းခန့်က တောင်းဆိုပြီး စီးပွားရေး ၂၄ ရာခိုင်နှုန်းက အတိုးပေးငွေကို ထောက်ပံ့စေလိုသည်။

Covid-19 ရောဂါကာကွယ်ရေးကို အာဏာပိုင်များက ကိုင်တွယ်ခဲ့ပုံကို စီးပွားရေးပိုင်ရှင်များက မည်မျှကျေနပ်အားရကြသည်ဟု မေးမြန်းခဲ့သည်။ ကိန်းဂဏန်းများမှာ ပထမနှင့်ဒုတိယစစ်တမ်း နှစ်ခုလုံးတွင် အတော်လေးဆင်တူသည်။ ရောဂါဖြစ်ပွားသည်မှာ နှစ်ဝက်ကျော်လာသော်လည်း ဖြေကြားသူအများစုသည် ကိုင်တွယ် လုပ်ဆောင်မှုအပေါ် ပြည်ထောင်စုအစိုးရ (၉၀ ရာခိုင်နှုန်း)၊ ပြည်နယ် / တိုင်းဒေသကြီးအစိုးရ (၉၂ ရာခိုင်နှုန်း)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (၈၉ ရာခိုင်နှုန်း) နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး (၈၇ ရာခိုင်နှုန်း) တို့အဖြစ် ကောင်းမွန်သော မှတ်ချက်များပေးခဲ့သည်။


## ၃.၇။ ဘေးကင်းလုံခြုံမှု

နောက်ဆုံးအပိုင်းအနေဖြင့် Covid-19 စစ်တမ်းနှစ်ခုလုံးတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများ၏ ဘေးကင်းမှုနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ၎င်းတို့၏ လုပ်ငန်းခွင်တွင် Covid-19 မှ မည်သို့ ကာကွယ်ခဲ့ကြောင်းနှင့် စီးပွားရေးလုပ်ငန်းနှင့် အိမ်မှုကိစ္စ များကို မည်သို့ဟန်ချက်ညီအောင် ညှိနှိုင်း လုပ်ဆောင်နေကြောင်းများကို မေးမြန်းခဲ့သည်။ စီးပွားရေးလုပ်ငန်းများသည် ရာဇဝတ်ကျူးလွန် သူများ၏ အဓိက ပစ်မှတ်ဖြစ်လေ့ရှိပြီး အလုပ်ခွင်၌ ရာဇဝတ်မှုဖြစ်ပွားမှုမြင့်မားပါက စီးပွားရေးပိုင်ရှင်များသည် ငွေကြေးများဆုံးရှုံးရလိမ့်မည်။ ထိုကဲ့သို့သော Covid-19 ကမ္ဘာ့ကပ်ရောဂါသည် အလုပ်ခွင်အတွင်း ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို များစွာဖြစ်စေပြီး ၎င်းသည် ကုန်ထုတ်လုပ်မှုစွမ်းအားကို သွယ်ဝိုက်၍ဖြစ်စေ ဆုံးရှုံးနိုင်ခြင်း နှင့် ဝန်ထမ်း၏ ဝင်ငွေရရှိမှုကို တိုက်ရိုက်ကုန်ကျရပါလိမ့်မည်။ ဒုတိယအကြိမ် စစ်တမ်း၏ ရလဒ်များအရ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း ၁၂ ရာခိုင်နှုန်းခန့်သည် လွန်ခဲ့သော ၁၂ လအတွင်း အခိုးခံရခြင်း (သို့မဟုတ်) ဖောက်ထွင်းခံခဲ့ရကြောင်း ဖော်ပြခဲ့သည်။ ဤရလဒ်များအရ ဖေဖော်ဝါရီလတွင် ကောက်ယူခဲ့သော မြန်မာစီးပွားရေးဝန်းကျင်ညွှန်းကိန်း-၂၀၂၀ (MBEI 2020) စစ်တမ်းအပြီးနှင့် ပထမအကြိမ် Covid-19 (ဧပြီလ - မေလအတွင်း) စစ်တမ်းအကြားတွင် (၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ) ရာဇဝတ်မှု ကျဆင်းမှုရှိခဲ့သော်လည်း၊ ဒုတိယအကြိမ် Covid-19 စစ်တမ်းကောက်ယူမှု ရလဒ်အရ ရာဇဝတ်မှုသည် ၁၂ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ပါသည်။[၇]

ဘေးကင်းလုံခြုံရေးဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များသည် စီးပွားရေးလုပ်ငန်း ပိုင်ရှင်များနှင့် ဝန်ထမ်းများအတွက် သုခချမ်းသာကို ပေးပါသည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင်များ၏ လုပ်ဆောင်ခဲ့သည့် အလေ့အထများကို ပုံ(၁၄)တွင် ဖော်ပြထားပါသည်။ ဧပြီလ - မေလ မှစတင်၍ အချို့သော ဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အထအစီအမံများကို ဖော်ပြသော စီးပွားရေးလုပ်ငန်းများ၏ ရာခိုင်နှုန်းသည် တိုးတက်လာပါသည် ။ ဝန်ထမ်းများနှင့် ဖောက်သည်များ၏ အပူချိန်တိုင်းတာခြင်း အလေ့အထမှာ ပထမအကြိမ် Covid-19 ၌ ၂၃ ရာခိုင်နှုန်းနှင့် ဒုတိယအကြိမ် Covid-19အနေဖြင့် ၄၂ ရာခိုင်နှုန်းကို ကျင့်သုံးလုပ်ဆောင်ကြပါသည်။ ပထမအကြိမ်တွင် စီးပွားရေးပိုင်ရှင်များ၏ ၉ ရာခိုင်နှုန်းကသာ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ ဝန်ထမ်းများအနေဖြင့် အဝေးမှ အလုပ်လုပ်ခဲ့ပြီး ဒုတိယအကြိမ်

ပုံ (၁၄)

**အလုပ်သမားများနှင့် စားသုံးသူများကို ကိုဗစ်-၁၉ မှ ကာကွယ်ရန် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များ**



တွင်မူ စီးပွားရေးလုပ်ငန်း၏ ၃၅ရာခိုင်နှုန်းက အနည်းဆုံး အချို့အတိုင်းအတာအထိ အဝေးမှအလုပ်လုပ်ခဲ့ကြသည်။ အံ့အားသင့်စရာအချက်မဟုတ်ပါသော်လည်း အဝေးမှ အလုပ်လုပ်သော စီးပွားရေးလုပ်ငန်းများ၏ အချိုးအစားမှာ အထည်အလိပ်နှင့် သတ္တုထုတ်လုပ်မှု လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် ပိုမိုနည်းပါးနေပါသည်။ ပထမအကြိမ် စစ်တမ်းအရ စီးပွားရေးလုပ်ငန်း ပိုင်ရှင်များ၏ ၃၀ ရာခိုင်နှုန်း ခန့်သည် ပိုးသတ်ဆေးဖြင့် သန့်ရှင်းရေးလုပ်ခြင်း၊ ထိုင်ခုံနှင့် စားပွဲခုံအရေအတွက် လျှော့ချခြင်း၊ အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုများ ပိုမိုပေးခြင်းစသည့် အခြားအကာအကွယ်ပေးသည့် နည်းလမ်းများကို ကျင့်သုံးခဲ့ကြဟု အစီရင်ခံခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့် ဒုတိယအကြိမ် စစ်တမ်းတွင် စီးပွားရေး၏ ၇ ရာခိုင်နှုန်းသာ Covid-19 မှ ကာကွယ်ရန် အခြားနည်းလမ်းများကို ကျင့်သုံးခဲ့ကြသည်။

Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းများအား အိမ်မှုကိစ္စနှင့် မိသားစုတာဝန်များအတွက် အချိန်ပေးမှုရှိမရှိ မေးမြန်းသောအခါ ဖြေဆိုသူ၏ သုံးပုံတစ်ပုံ (၃၇ ရာခိုင်နှုန်း) က ယေဘုယျအားဖြင့် ၎င်းတို့၏ အချိန်ကို ပြောင်းလဲအသုံးပြုမှုများ မရှိကြောင်း ဖြေကြားခဲ့ကြသည်။ စီးပွားရေးပိုင်ရှင်များ၏ ကျား၊ မရေးရာနှင့် ပတ်သက်၍ အမျိုးသမီးလုပ်ငန်းပိုင်ရှင် ၃၈ ရာခိုင်နှုန်းက ၎င်းတို့၏ အချိန်ကို အသုံးပြုခြင်းမှာ မပြောင်းလဲကြောင်း၊ အမျိုးသားစီးပွားရေးလုပ်ငန်းပိုင်ရှင်များ၏ ၃၆ ရာခိုင်နှုန်းကလည်း အမျိုးသမီးများနည်းတူ ဖြေဆိုကြပါသည်။ အပြန်အလှန်အားဖြင့် စီးပွားရေးလုပ်ငန်းပိုင်ရှင် ၄၇ ရာခိုင်နှုန်းက အိမ်မှုကိစ္စ နှင့်မိသားစု စောင့်ရှောက်မှု တာဝန်များအတွက် အချိန်အနည်းငယ်ပို၍ သုံးခဲ့ကြသည်ဟု အစီရင်ခံပါသည်။။ လုပ်ငန်းပိုင်ရှင်များ၏ ကျား၊ မရေးရာနှင့် ပတ်သက်၍ အမျိုးသမီးလုပ်ငန်းပိုင်ရှင် ၄၁ ရာခိုင်နှုန်းက ၎င်းတို့သည် အိမ်မှုကိစ္စနှင့် မိသားစုစောင့်ရှောက်မှုအတွက် အချိန်ပိုသုံးခဲ့ကြသည်ဟု ဖြေဆိုပြီး၊ အမျိုးသားလုပ်ငန်းပိုင်ရှင် ၄၇ ရာခိုင်နှုန်းသည်လည်း အမျိုးသမီး လုပ်ငန်းရှင်များနည်းတူ ဖြေဆိုကြပါသည်။ သို့ရာတွင် အမျိုးသားနှင့် အမျိုးသမီးများအကြားတွင် ကိန်းဂဏန်း စာရင်းအင်းအရ ကွာခြားမှုမှာသိသာမှုမရှိပါ။ Covid-19 မတိုင်မီက အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အိမ်မှုကိစ္စများနှင့်စောင့်ရှောက်ပေးခြင်းတွင် သိသိသာသာ ပိုမို အချိန်သုံး နေကြပြီး စစ်တမ်းသည် လုပ်ငန်းပိုင်ရှင်များ၏ အချိန်အသုံးပြုမှု ပြောင်းလဲမှုကိုသာ တိုင်းတာခြင်းဖြစ်ပါသည်။ (အာရှဖောင်ဒေးရှင်း ၂၀၁၈ ကို ကြည့်ပါ)



# ၄။ နိဂုံးချုပ်နှင့် အကြံပြုချက်များ

မြန်မာနိုင်ငံတွင် Covid-19 ဒုတိယလှိုင်း၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုသည် ပထမလှိုင်းထက် ပိုမိုဆိုးရွားသည်။ စီးပွားရေးအပေါ်သက်ရောက်မှုသည် ဒုတိယလှိုင်းတွင် ပိုမိုဆိုးရွားမည်ဟု မျှော်လင့်ရသည်။ ယေဘုယျအားဖြင့်စီးပွားရေးလုပ်ငန်းများသည် ဆက်လက်၍ ဒုက္ခရောက်နေသော်လည်း အပြုသဘောဆောင်သော လက္ခဏာအချို့လည်း ရှိနေသည်။ ရောင်းအားဆက်လက် ကျဆင်းနေသော်လည်း အမြတ်အစွန်းမှာ သိသိသာသာ ကျဆင်းခြင်း မရှိသေးပါ။ ဟိုတယ် အခန်းငှားဝန်ဆောင်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် အကြီးမားဆုံးထိခိုက်မှု ဖြစ်ခဲ့သည်။ ထို့အပြင် စီးပွားရေးပိုင်ရှင်များသည် ယေဘုယျအားဖြင့် အကျပ်အတည်းသည် ပထမလှိုင်းကာလထက် ပိုမိုကြာရှည်မည်ဟုမျှော် လင့်သော်လည်း သူတို့၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရပ်တည်မှု အပေါ် စိုးရိမ်မှု သိပ်မရှိကြပါ။ ဤအချက်က အချို့သော စီးပွားရေးလုပ်ငန်းများသည် သူတို့၏ကုန်ကျစရိတ်များကို လျှော့ချခြင်း သို့မဟုတ် "ပုံမှန်အသစ်" ကို အခြားနည်းလမ်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်တတ်ရန် သင်ယူကြပြီးပြီဟု ဆိုသည်။ စီးပွားရေးလုပ်ငန်းများကလည်း ဧပြီ - မေလများထက် ထောက်ပံ့ရေး ကွင်းဆက်ပြဿနာများ လျော့နည်းသွားကြောင်း အစီရင်ခံခဲ့သည်။ အချို့သောစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏လုပ်သားအင်အားကို လျှော့ချခဲ့ကြသော်လည်း တရားဝင်ကဏ္ဍတွင် အလုပ်အကိုင်များ သိသိသာသာ ကျဆင်းခဲ့သည်ကို မတွေ့ရပါ။ ၎င်းအစား Covid-19 သည် တရားဝင်ကဏ္ဍ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်နှုန်းကို ရပ်တန့်သွားစေနိုင်သည်ဟု ဆိုနိုင်သော်လည်း ဤအစီရင်ခံစာတွင် ဆန်းစစ်ထားသော အချက်အလက်များသည် ယင်းကိုသက်သေပြရန် အချိန်ကြာ စုဆောင်းထားသော အချက်အလက် အလုံအလောက်မရှိချေ။ ကပ်ရောဂါကြောင့် စီးပွားရေး လုပ်ငန်းများအကြား အလုပ်သမား ဈေးကွက်သည် အသွင်ပြောင်းသွားသည်မှာ အသေအချာပင် ဖြစ်သည်။ Covid-19 ၏ သက်ရောက်မှုသည် ပထဝီမြေပြင်အနေအထားအရ ပိုမိုကွဲလွဲလာသည်။ ၎င်းသည် Covid-19 အတည်ပြု လူနာ ဖြစ်ပွားမှုအရေအတွက်၊ ပထဝီအနေအထားအရ ကွဲပြားမှုများနှင့် အစိုးရမှ ရောဂါကာကွယ်ရန် ကန့်သတ်ချက်များကြောင့် ဖြစ်နိုင်သည်။

ပထမစစ်တမ်းတွင် အစိုးရအနေဖြင့် Covid-19 စီးပွားကယ်ဆယ်ရေး မူဝါဒများ ထုတ်ပြန်ကြေညာရာတွင် ပိုမိုအားထုတ်ကြိုးပမ်းရန် အကြံပြုခဲ့သည်။ ထိုအချိန်မှစ၍ အစိုးရသည် မူဝါဒများနှင့် ပတ်သက်၍ လူသိများအောင် လုပ်ဆောင်ရာတွင် ပိုမိုအောင်မြင်ခဲ့သည်။ ပထမ စစ်တမ်း အစီရင်ခံစာတွင် အရေးပေါ် ချေးငွေ အစီအစဉ်သည် နိုင်ငံတော်အဆင့်တွင် အကျိုးသက်ရောက်ရန် မလုံလောက်သေးကြောင်း စိုးရိမ်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။ ချေးငွေအစီအစဉ်ကို လူသိများလာမှု တိုးတက်လာသော်လည်း ချေးငွေများသည် အတော်အတန်သေးသော လုပ်ငန်းအနည်းငယ်ကိုသာ ကူညီနိုင်ခဲ့သည်။ အချို့သော စီးပွားရေးလုပ်ငန်းများကလည်း ချေးငွေလျှောက်ထားရန် မလွယ်ကူကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အချို့သောစီးပွားရေး လုပ်ငန်းများသည် ကုန်သွယ်လုပ်ငန်းခွန်နှင့် ကုန်သွယ်ခွန် ရွှေ့ဆိုင်းမှုများကိုရရှိရန် ပြဿနာများကို ဆက်လက်တင်ပြနေသဖြင့် ဤစစ်တမ်းသည် ပထမအကြိမ်ကဲ့သို့ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများကို ကိုင်တွယ်သော ရှေ့တန်းအစိုးရအရာရှိများသည် ရွှေ့ဆိုင်းခြင်းကို အပြည့်အဝနားလည်ရန်နှင့် စီးပွားရေးလုပ်ငန်းများ လျှောက်ထားရာတွင် တက်ကြွစွာကူညီမှု ရှိစေရန် အကြံပြုသည်။

အထက်ပါ အကြံပြုချက်များအပြင် အစီရင်ခံစာသည် အောက်ပါအသစ်များကို အကြံပြုထားသည်။

- ဒုတိယအကြိမ်တွင် Covid-19 သည် စီးပွားရေးလုပ်ငန်းများ ရောင်းအားကို မည်သို့သက်ရောက်သည်နှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော ပထဝီအနေအထား ကွဲပြားခြားနားမှုများကို တွေ့ရှိခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ စီးပွားရေး လုပ်ငန်းများသည် အခြားမြို့နယ်များရှိ စီးပွားရေးလုပ်ငန်းများထက် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ Covid-19 ကို ရင်ဆိုင်ကျော်ဖြတ်ရန်အလို့ငှာ စီးပွားရေး လုပ်ငန်းများကို အထောက်အပံ့ပေး မူဝါဒများ ရေးဆွဲရာတွင် အစိုးရအနေဖြင့် တနိုင်ငံလုံးအတွက် တူညီသော မူဝါဒများကို ပံ့ပိုးရန် ကြိုးစားခြင်းထက် ထိုကဲ့သို့သော ကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစားသင့်သည်။
- ပထဝီအနေအထားအရ ကွဲပြားခြားနားမှုများကို Covid-19 ဖြစ်ပွားမှု အရေအတွက်နှင့် အစိုးရမှချမှတ်ထားသော ဒေသတွင်း လုပ်ငန်းလည်ပတ်မှု ကန့်သတ်ချက်များနှင့် သိသာစေနိုင်သည်။ ဒုတိယအကြိမ် ကနဦး ဆန်းစစ်ချက်အရ ရောင်းအားလျော့ကျခြင်းနှင့် မြို့နယ်အဆင့်တွင် အတည်ပြုထားသော လူနာအရေအတွက် ဆက်နွယ်မှု ရှိကြောင်း တွေ့ခဲ့ရသည်။ ထို့ကြောင့် အနာဂတ်တွင် အစိုးရအနေဖြင့် ၎င်း၏စီးပွားရေး အထောက်အပံ့ဆိုင်ရာ မူဝါဒများကို ပိုမိုကောင်းမွန်စွာ ပစ်မှတ်ထားရန် စဉ်းစားသင့်သည်။ ဥပမာအားဖြင့် မြို့နယ်တစ်ခုအတွင်းရှိ လိုင်စင်ရ စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးထောက်ပံ့ကြေးကို Covid-19 အတည်ပြုလူနာအရေအတွက် သို့မဟုတ်

အိမ်တွင်နေထိုင်ရန်ညွှန်ကြားချက် ကြာချိန် သို့မဟုတ် မြို့နယ် အတွင်းရှိ အခြားကန့်သတ်ချက်များအပေါ် မူတည်၍ တွက်ချက်နိုင်သည်။ ဤအချက်သည် စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ၏ပံ့ပိုးမှုကို ပိုမိုမျှတစေပြီး စီးပွားရေးကို ထိခိုက်ပျက်ယွင်းမှုကို လျော့နည်းစေသည်။

- အစိုးရသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်နှင့် အထည်အလိပ်နှင့် ခရီးသွားလုပ်ငန်းကဲ့သို့သော စီးပွားရေး လုပ်ငန်းများကို ထောက်ပံ့ရန် အဆင့်များပြုလုပ်ခဲ့ပြီး အခြားလုပ်ငန်းကဏ္ဍများကို တိုးချဲ့လျက်ရှိသည်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင် Covid-19၏ သက်ရောက်မှုသည် ကွာခြားချက်ရှိနေဆဲဖြစ်သည်။ မြေပြင်ပထဝီဆိုင်ရာ ကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစားခြင်းအပြင် အချို့သော စက်မှုလုပ်ငန်းများကို ပိုမိုအာရုံစိုက်ရန် လိုအပ်နိုင်သည်။ သို့သော် ဤအဆိုပြုချက်ကို မတူညီသော စီးပွားရေး ကဏ္ဍများတွင် သက်ရောက်သွားသည့် Covid-19 ၏ ထိခိုက်မှုများအပေါ် နောက်ဆုံး လေ့လာတွေ့ရှိချက်များဖြင့် စီးပွားရေး စွမ်းဆောင်ရည်ကို ထိခိုက်နိုင်မည့် ကဏ္ဍအချို့အား အာရုံစိုက်ပေးနေခြင်းကို ပြန်လည်ချိန်ညှိနိုင်သည်။
- ကုန်စည်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၏ မြန်မာနိုင်ငံတစ်ဝှမ်းသို့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးသည် ကူးစက်ရောဂါဖြစ်ပွားနေစဉ်အတွင်း စီးပွားရေး လည်ပတ်မှုအတွက် အရေးကြီးသည်။ လူများရွှေ့လျားနေခြင်းမရှိသည့်တိုင် စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်ခြင်းကို တားဆီးရန်နှင့် ထုတ်လုပ်သူများ၏ လုပ်ငန်းငွေများ ဆက်လက် လည်ပတ်နေရန်အတွက် ကုန်ပစ္စည်းများသည် ရွှေ့လျားနေရန် လိုအပ်သည်။ ဒုတိယစစ်တမ်း၏ ရလဒ်များအရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် အလွန်ဆိုးရွားစွာ ထိခိုက်ခဲ့ရသည်။ စီးပွားရေး လုပ်ငန်းများအနေဖြင့် ကုန်ပစ္စည်းများ လုံလောက်စွာရရှိရေးနှင့် ပတ်သက်၍ စိုးရိမ်မှု လျော့နည်းသော်လည်း အစိုးရသည် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး၏ စွမ်းဆောင်ရည် တိုးတက်စေရန် နည်းလမ်းများရှာဖွေရန်နှင့် သယ်ယူပို့ဆောင်ရေးအလုပ်သမားများ၏ ကျန်းမာရေးကို ဆက်လက်ကာကွယ်ရန် လိုအပ်သည်။ အစားအစာနှင့် အခြား မရှိမဖြစ်လိုအပ်သော ပစ္စည်းများ ရွှေ့လျားခြင်းသည် ဦးစားပေးလုပ်ငန်း တစ်ခုဖြစ်နေဆဲ ဖြစ်သော်လည်း အခြားကုန်ပစ္စည်းများ စီးဆင်းမှုကို သေချာစေခြင်းသည် စီးပွားရေးတစ်ခုလုံးကို ရှည်လျားသော အကျပ်အတည်းကို ပိုမိုကောင်းမွန်စွာ ကြံ့ကြံ့ခိုင်ကျော်လွှားနိုင်စေသည်။
- စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပျမ်းမျှ အမျိုးသမီး ဝန်ထမ်းဦးရေ ကျဆင်းမှုကို ဒုတိယအကြိမ် စစ်တမ်းတွင် တွေ့ရှိရသည်။ ထိခိုက်လွယ်သည့် လူများ၏ အထူး လိုအပ်ချက်များကို ပိုမိုနားလည်ရန် အသက်အရွယ်နှင့် ကျွမ်းကျင်မှုကဲ့သို့သော အခြေခံ ဒေသန္တရ လူမှုအချက်အလက်များနှင့် အတူ အသေးစိတ် လေ့လာသင့်သည်။
- ၂၀၂၀ ပြည့်နှစ် ဇွန်လအစောပိုင်းတွင် ထုတ်ပြန်ခဲ့သော ပထမအကြိမ် စစ်တမ်းအစီရင်ခံစာသည် ကူးစက်ရောဂါဖြစ်ပွားမှု တိုးလာသည်နှင့်အမျှ Covid-19 ကြောင့် စီးပွားရေး လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုကို မြန်မာအစိုးရအနေဖြင့် ဆက်လက်စောင့်ကြည့်ရန် အကြံပြုခဲ့သည်။ မြန်မာနိုင်ငံရှိ လူတိုင်းသတိပြုသင့်သည့် အချက်မှာ အကျပ်အတည်းသည် ပြီးဆုံးရန် ဝေးသေးသည်။ စီးပွားရေး လုပ်ငန်းများနှင့် မြေပြင် အနေအထားအသီးသီးရှိ စီးပွားရေးလုပ်ငန်းများ၊ သူတို့၏ပိုင်ရှင်များနှင့် ဝန်ထမ်းများ၏ ကောင်းကျိုးစီးပွားကို ထိရောက်စွာ စောင့်ကြည့်လေ့လာခြင်းသည် အရေးကြီးနေဆဲဖြစ်ပြီး အစိုးရခေါင်းဆောင်များအနေဖြင့် ကူးစက်ရောဂါသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို မည်သို့ အကျိုးသက်ရောက်သည်ကို နားလည်ရန်ဖြစ်သည်။



# ကျမ်းကိုးစာရင်း

IMF. 2020a. *World Economic Outlook: A Long and Difficult Ascent*, October. Washington, DC: International Monetary Fund.

IMF. 2020b. "Myanmar: 2019 Article IV Consultation-Staff Report Media Release; and Statement by the Executive Director for Myanmar", *IMF Country Report*, No. 20/88, March 2020. Washington, DC: International Monetary Fund.

John Hopkins University. 2020. *COVID-19 Dashboard*. https://coronavirus.jhu.edu/map.html (accessed 10.22.20).

Malesky, E., Dulay, D., and Peltovuori, V. 2020. *The Myanmar Business Environment Index 2020.* Yangon: The Asia Foundation.

MIFER (Ministry of Investment and Foreign Trade). 2020. "Coronavirus Disease 2019 (COVID-19) Economic Remedy Working Committee Meeting Notes", http://www.mifer.gov.mm/news/ministry-news/detail/covid-19-kea-spealaniui-sipwaekeakmhumaapea-kusaelupnkeamti-asiawekp352 (accessed 10.20.20).

Ministry of Health and Sports. 2020. "Coronavirus Disease 2019 (COVID-19) Surveillance Dashboard (Myanmar)". https://www.mohs.gov.mm/ (accessed 10.22.20).

MoPF (Ministry of Planning and Finance) and UNESCAP. 2019. "Developing a Statistical Business Register (SBR) in Myanmar 2019: Documentation of process and results" Bangkok: United Nations Economic and Social Commission for Asia and the Pacific.

The Asia Foundation. 2020. "Myanmar Business Environment Index (MBEI): Covid-19 Impact on Businesses: A Survey". Yangon: The Asia Foundation.

The Asia Foundation. 2018. "Insight into Urban Well-Being in Myanmar: The 2018 City Life Survey". Yangon: The Asia Foundation.

World Bank. 2020. "The Firm-Level Impact of the COVID-19 Pandemic: Summary of Results from Round 3 (Brief No. 5)". *Myanmar COVID-19 Monitoring.* October 2, 2020. Yangon: World Bank.

# နောက်ဆက်တွဲ (၁)
# စီးပွားရေးလုပ်ငန်းများကို အကျိုးသက်ရောက်စေခဲ့သော Covid-19 နှင့်ဆက်နွှယ်သည့် ရက်စွဲ အလိုက် အဖြစ်အပျက်များ

| စဉ် | အမိန့်စာ ရက်စွဲ | အကြောင်းအရာ | အမိန့် အသက်ဝင်သော ရက်စွဲ | | အကြုံးဝင်သော နယ်မြေ | ထုတ်ပြန်သော အာဏာပိုင်/အဖွဲ့ အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | မှ | ထိ | | | |
| ၁။ | ၁၂/၁၀/၂၀ | တိုင်းဒေသကြီးအတွင်း သွားလာမှုအတွက် QR Code ထုတ်ပေးခြင်းကို ရပ်ဆိုင်းခြင်း | ၁၂/၁၀/၂၀ | | ရန်ကုန် တိုင်း ဒေသကြီး | UMFCCI | ရန်ကုန်တိုင်း အစိုးရ ကိုယ်စား |
| ၂။ | ၁၀/၁၀/၂၀ | အထည်ချုပ်လုပ်ငန်းများ ပြန်လည် လုပ်ဆောင်ခွင့် ပြုခြင်း | ၁၀/၁၀/၂၀ | | ရန်ကုန် တိုင်း ဒေသကြီး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၃။ | ၀၅/၁၀/၂၀ | အထည်ချုပ်လုပ်ငန်းများ ပိတ်ထား ရန် အမိန့်ကို သက်တမ်းတိုးခြင်း | ၀၈/၁၀/၂၀ | ၂၁/၁၀/၂၀ | ရန်ကုန် တိုင်း ဒေသကြီး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၄။ | ၀၅/၁၀/၂၀ | ကုန်တင်ကားများအား အမြန်လမ်း ကို အသုံးပြုခွင့်ပြုခြင်း | ၀၅/၁၀/၂၀ | ၃၁/၁၀/၂၀ | ရန်ကုန်-မန္တလေး အမြန် လမ်း | ဆောက်လုပ်ရေး ဝန်ကြီးဌာန | |
| ၅။ | ၂၉/၀၉/၂၀ | နိုင်ငံတကာလေကြောင်းလိုင်းများ ဆိုက်ကပ်မှုကို ကန့်သတ်ခြင်းအား သက်တမ်းတိုးခြင်း | ၃၀/၀၉/၂၀ | ၃၁/၁၀/၂၀ | လေကြောင်း လိုင်းအားလုံး | နိုင်ငံခြားရေး ဝန်ကြီးဌာန | |
| ၆။ | ၂၈/၀၉/၂၀ | Covid-19ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးခြင်း | | ၃၁/၁၀/၂၀ | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၇။ | ၂၅/၀၉/၂၀ | မွန်၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဉ် | ၂၆/၀၉/၂၀ | | ပြည်နယ်/တိုင်း ဒေသကြီး ၄ခုရှိ မြို့နယ် ၁၁ခု | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၈။ | ၂၅/၀၉/၂၀ | တိုင်းဒေသကြီးအတွင်း သွားလာမှု အတွက် QR Code ထုတ်ပေးခြင်း | ၂၆/၀၉/၂၀ | | ရန်ကုန် တိုင်း ဒေသကြီး | UMFCCI | ရန်ကုန်တိုင်း အစိုးရ ကိုယ်စား |
| ၉။ | ၂၀/၀၉/၂၀ | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဉ် | ၂၁/၀၉/၂၀ | | ကိုကိုးကျွန်းမှ လွဲ၍ ရန်ကုန် တိုင်းဒေသကြီး တခုလုံး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၁၀။ | ၁၂/၀၉/၂၀ | လမ်းများ မပိတ်ဆို့ရန် ညွှန်ကြားချက် | ၁၂/၀၉/၂၀ | | ကိုကိုးကျွန်းမှ လွဲ၍ ရန်ကုန် တိုင်းဒေသကြီး တခုလုံး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၁၁။ | ၁၀/၀၉/၂၀ | ရန်ကုန်တိုင်းပြင်ပသို့ မသွားရောက် ရန် ညွှန်ကြားချက် | ၁၁/၀၉/၂၀ | ၁/၁၀/၂၀ | ကိုကိုးကျွန်းမှ လွဲ၍ ရန်ကုန် တိုင်းဒေသကြီး တခုလုံး | ရန်ကုန်တိုင်း အစိုးရ | |
| ၁၂။ | ၀၉/၀၉/၂၀ | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဉ် | ၁၀/၀၉/၂၀ | | ၂၁ မြို့နယ် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၁၃။ | ၀၈/၀၉/၂၀ | ရခိုင်သို့ ခရီးသွားခဲ့သူများ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ ဆက်သွယ်ရန် ညွှန်ကြားချက် | ၀၈/၀၉/၂၀ | | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |


| စဥ် | အမိန့်စာ ရက်စွဲ | အကြောင်းအရာ | အမိန့် အသက်ဝင်သော ရက်စွဲ | | အကျုံးဝင်သော နယ်မြေ | ထုတ်ပြန်သော အာဏာပိုင်/အဖွဲ့ အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | မှ | ထိ | | | |
| ၁၄။ | ၀၆/၀၉/၂၀ | ပြင်ပဧည့်သည်များအား ကန့်သတ်ခြင်း | ၀၉/၀၉/၂၀ | | နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ အစိုးရဌာနများ | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၁၅။ | ၀၁/၀၉/၂၀ | နေပြည်တော် အဝင် ကန့်သတ်ခြင်း | ၀၂/၀၉/၂၀ | | နေပြည်တော် | နေပြည်တော် ကောင်စီ | |
| ၁၆။ | ၀၁/၀၉/၂၀ | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ် | ၀၂/၀၉/၂၀ | | ၇ မြို့နယ် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၁၇။ | ၂၈/၀၈/၂၀ | နိုင်ငံတကာ လေကြောင်းလိုင်းများ ဆိုက်ကပ်မှုကို ကန့်သတ်ခြင်းအား သက်တမ်းတိုးခြင်း | ၃၀/၀၈/၂၀ | ၃၁/၀၉/၂၀ | လေကြောင်း လိုင်းအားလုံး | နိုင်ငံခြားရေး ဝန်ကြီးဌာန | |
| ၁၈။ | ၂၆/၀၈/၂၀ | ရခိုင်ပြည်နယ်ရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ် | ၂၇/၀၈/၂၀ | | ရခိုင်ပြည်နယ် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၁၉။ | ၂၀/၀၈/၂၀ | ရခိုင်ပြည်နယ်ရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ် | ၂၀/၀၈/၂၀ | | စစ်တွေ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၂၀။ | ၂၉/၀၇/၂၀ | Covid-19ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးခြင်း | | ၁၅/၀၈/၂၀ | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၂၁။ | ၂၃/၀၇/၂၀ | ၃ နှစ် သက်တမ်းရှိ ကုန်သွယ်ရေး ချေးငွေ ကြေငြာခြင်း | | | အသေးစားနှင့် အလတ်စား လုပ်ငန်းများ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန | |
| ၂၂။ | ၁၃/၀၇/၂၀ | Covid-19ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးခြင်း | | ၃၀/၀၇/၂၀ | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၂၃။ | ၃၀/၀၆/၂၀ | နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ်ကို ရုပ်သိမ်းခြင်း | ၀၁/၀၆/၂၀ | | အင်းစိန် မြို့နယ် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၂၄။ | ၂၈/၀၇/၂၀ | နိုင်ငံတကာ လေကြောင်းလိုင်းများ ဆိုက်ကပ်မှုကို ကန့်သတ်ခြင်းအား သက်တမ်းတိုးခြင်း | ၃၀/၀၇/၂၀ | ၃၀/၀၈/၂၀ | လေကြောင်း လိုင်းအားလုံး | နိုင်ငံခြားရေး ဝန်ကြီးဌာန | |
| ၂၅။ | ၂၇/၀၆/၂၀ | Covid-19ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးခြင်း | | ၁၅/၀၇/၂၀ | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၂၆။ | ၁၅/၀၇/၂၀ | နိုင်ငံတကာ လေကြောင်းလိုင်းများ ဆိုက်ကပ်မှုကို ကန့်သတ်ခြင်းအား သက်တမ်းတိုးခြင်း | ၁၅/၀၆/၂၀ | ၃၀/၀၆/၂၀ | လေကြောင်း လိုင်းအားလုံး | နိုင်ငံခြားရေး ဝန်ကြီးဌာန | |
| ၂၇။ | ၁၄/၀၆/၂၀ | နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ်ကို ရုပ်သိမ်းခြင်း | ၀၁/၀၇/၂၀ | | မရမ်းကုန်း မြို့နယ် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၂၈။ | ၁၂/၀၆/၂၀ | Covid-19ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးခြင်း | | ၃၀/၀၆/၂၀ | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |

| စဉ် | အမိန့်စာ ရက်စွဲ | အကြောင်းအရာ | အမိန့် အသက်ဝင်သော ရက်စွဲ | | အကြုံးဝင်သော နယ်မြေ | ထုတ်ပြန်သော အာဏာပိုင်/အဖွဲ့ အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | မှ | ထိ | | | |
| ၂၉။ | ၂၈/၀၅/၂၀ | နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ်ကို ရုပ်သိမ်းခြင်း | ၂၉/၀၅/၂၀ | | ဗဟန်း၊ တဥက္ကလာ၊ ပန်းပဲတန်း၊တာမွေ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၃၀။ | ၂၈/၀၅/၂၀ | အသိအမှတ်လက်မှတ်ရ စားသောက်ဆိုင်များ အပါအဝင် ၅ ဦးထက် ပိုစုဝေးနိုင်သော ကိစ္စများ ခွင့်ပြုခြင်း | ၂၈/၀၅/၂၀ | | တနိုင်ငံလုံး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၃၁။ | ၁၈/၀၄/၂၀ | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ နေအိမ်တွင် နေထိုင်ရေး Stay-at-home အစီအစဥ် | ၁၈/၀၄/၂၀ | | ဗဟန်း၊ တောင်ဥက္ကလာ၊ ပန်းပဲတန်း၊ တာမွေ၊ မရမ်းကုန်း၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၃၂။ | ၁၆/၀၄/၂၀ | ၅ဦးထက် ပိုစုဝေးခြင်းကို တားမြစ်သော ညွှန်ကြားချက် | ၁၆/၀၄/၂၀ | | တနိုင်ငံလုံး | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | |
| ၃၃။ | ၀၆/၀၄/၂၀ | အခြေခံလူတန်းစားများအတွက် အစားအသောက် ပံ့ပိုးခြင်းနှင့် မီတာ ၁၅၀ ယူနစ် ထောက်ပံ့ခြင်း | ၆/၀၄/၂၀ | | တနိုင်ငံလုံး | Covid-19ဆိုင်ရာ ဗဟိုကော်မတီ | |
| ၃၄။ | ၁၅/၀၃/၂၀ | နိုင်ငံတကာ ခရီးသည်များနှင့် ပြည်တော်ပြန်များအား နိုင်ငံအဝင်ကို ကန့်သတ်ခြင်း | ၁၅/၀၃/၂၀ | | အီတလီ၊ ပြင်သစ်၊ အီရန်၊ စပိန်၊ ဂျာမဏီ၊ ကိုရီးယား၊ တရုတ် | နိုင်ငံခြားရေး ဝန်ကြီးဌာန | |

# နောက်ဆက်တွဲ (၂)
# ပထဝီဝင်အနေအထား၏ အစိပ္ပါယ် ပိုင်းခြား သတ်မှတ်ချက်

| ပထဝီဝင်နယ်မြေများ | မြို့နယ်များ |
|---|---|
| **မြောက်ပိုင်းတောင်တန်းဒေသ** | **ကချင်ပြည်နယ်** - မိုးညှင်း၊ မြစ်ကြီးနား၊ဗန်းမော်<br>**ချင်းပြည်နယ်** - တီးတိန်၊ မတူပီ၊ ဟားခါး၊ ဖလန်း |
| **အရှေ့ဘက်တောင်ကုန်းဒေသ** | **ကယားပြည်နယ်** - ဒီမော့စ်ဆို၊ ဖရူဆို၊ လွိုင်ကော်၊ ဖားဆောင်း<br>**ရှမ်းပြည်နယ်** - မိုးမိတ်၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ နောင်ချို၊ ကွမ်းလုံ၊ လွိုင်လင်၊ တာချီလိတ်၊ မိုင်းခတ်၊ မူဆယ်၊ တန့်ယမ်း၊ မိုင်းပျဉ်း၊ လားရှိုး၊ သီပေါ၊ တောင်ကြီး၊ ဟိုပန်၊ ကွတ်ခိုင်၊ ပင်းတယ၊ ပင်လောင်း၊ သိန္နီ၊ ဟိုပုန်း၊ ကလော၊ ရပ်စောက်၊ညောင်ရွှေ |
| **ကမ်းရိုးတန်းဒေသ** | **ကရင်ပြည်နယ်** - မြဝတီ၊ ဘားအံ၊ ဖာပွန်<br>**တနင်္သာရီတိုင်းဒေသကြီး** - လောင်းလုံ၊ ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်း၊ မြိတ် ၊ ပုလော<br>**မွန်ပြည်နယ်** - မော်လမြိုင်၊ပေါင်၊ ရေး<br>**ရခိုင်ပြည်နယ်** - စစ်တွေ၊ ကျောက်တော်၊ တောင်ဂုတ်၊ မြောက်ဦး၊ ဂွ |
| **အပူပိုင်းဇုန်ဒေသ** | **စစ်ကိုင်းတိုင်းဒေသကြီး** - တန့်ဆည်၊ ဒီပဲယင်း၊ မုံရွာ၊ ရွှေဘို<br>**မကွေးတိုင်းဒေသကြီး** - တောင်တွင်းကြီး၊ မကွေး၊ ပခုက္ကူ<br>**မန္တလေးတိုင်းဒေသကြီး** - မြင်းခြံ ၊ကျောက်ပန်းတောင်း၊ ပြင်ဦးလွင် |
| **မြေလတ် လွင်ပြင်ဒေသ** | **ပဲခူးတိုင်းဒေသကြီး** - ဖြူး၊ အုတ်တွင်း၊ ပဲခူး၊<br>**ရန်ကုန်တိုင်းဒေသကြီး** - တိုက်ကြီး၊<br>**ဧရာဝတီတိုင်းဒေသကြီး** - ဟင်္သာတ၊ ပန်းတနော် |
| **မြစ်ဝကျွန်းပေါ်ဒေသ** | **ဧရာဝတီတိုင်းဒေသကြီး** - ဖျာပုံ၊ ဝါးခယ်မ၊ မအူပင်၊ ပုသိမ် |
| **ရန်ကုန် စည်ပင်သာယာရေးကော်မတီ နယ်မြေ** | **ရန်ကုန်တိုင်းဒေသကြီး** - လသာ၊ လမ်းမတော် ၊ပုဇွန်တောင်၊ လှိုင်သာယာ၊ ရန်ကင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ မရမ်းကုန်း၊ ဗဟန်း၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (တောင်)၊ အလုံ |
| **မန္တလေး စည်ပင်သာယာရေးကော်မတီ နယ်မြေ** | **မန္တလေးတိုင်းဒေသကြီး** - ချမ်းအေးသာဇံ၊ ချမ်းမြသာစည်၊ ပုသိမ်ကြီး၊ မဟာအောင်မြေ |
| **နေပြည်တော် စည်ပင်သာယာရေးကော်မတီ နယ်မြေ** | **နေပြည်တော်** - လယ်ဝေး၊ ပျဉ်းမနား၊ ပုဗ္ဗသီရိ |

သတိပြုရမည်မှာဇယားတွင် MBEI 2020 နှင့် Covid-19 စစ်တမ်းများ၏တစ်စိတ်တစ်ပိုင်း ဖြစ်သောမြို့နယ်များသာ ပါဝင်သည်။ CDC သည်မြို့တော်စည်ပင်သာယာရေးကော်မတီကိုရည်ညွှန်းသည်။


ရည်ညွှန်းချက်
မြောက်ပိုင်းတောင်တန်းဒေသ
အရှေ့ဘက်တောင်ကုန်းဒေသ
ကမ်းရိုးတန်းဒေသ
အပူပိုင်းဇုန်ဒေသ
မြေလတ် လွင်ပြင်ဒေသ
မြစ်ဝကျွန်းပေါ်ဒေသ
ရန်ကုန် စည်ပင်သာယာရေးကော်မတီနယ်မြေ
မန္တလေး စည်ပင်သာယာရေးကော်မတီနယ်မြေ
နေပြည်တော် စည်ပင်သာယာရေးကော်မတီနယ်မြေ

# နောက်ဆက်တွဲ (၃)
# သုတေသန နည်းလမ်း

ဤအစီရင်ခံစာသည်စစ်တမ်း (၃) ခု ဖြစ်သော MBEI 2020 စစ်တမ်းနှင့် Covid-19 စစ်တမ်းနှစ်ခု၏ရလဒ်များကိုအခြေခံသည်။ MBEI 2020 စစ်တမ်းကို Covid-19 မတိုင်မီ နိုဝင်ဘာ ၇၊ ၂၀၁၉ နှင့်ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၀၂၀ အကြားပြုလုပ်ခဲ့သည် (Malesky et al ။ , 2020 တွင်ကြည့်ပါ။) ထို့ကြောင့် MBEI စီမံကိန်းသည် Covid-19 နှင့်သက် ဆိုင်သည့်စစ်တမ်းနှစ်ခု အတွက်နမူနာ ဘောင်တစ်ခုအဖြစ် MBEI 2020 စစ်တမ်းမှစီးပွားရေးလုပ်ငန်းများကပံ့ပိုးနိုင်ခဲ့သည်။ အဆိုပါMBEI၂၀၂၀စစ်တမ်းသည် နောင်တွင် နှိုင်းယှဉ်နိုင်ရန် အတွက် ငယ်စာရင်းအချက်လက်တချို့ကို ပံ့ပိုးနိုင်ခဲ့ပါသည်။ MBEI 2020 စစ်တမ်းသည် နေပြည်တော်အပါအဝင် မြန်မာ နိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် ကျပန်းရွေးချယ်ထားသော မြို့နယ် ၈၉ ခုနှင့် စုစုပေါင်း စီးပွားရေးပေါင်း ၅၆၀၅ ရှိခဲ့သည်။ စီးပွားရေးလုပ်ငန်း ၅,၆၀၅ အနက် ၄,၄၀၅ ကိုဗဟိုစာရင်းအင်းအဖွဲ့၏ စီးပွားရေလုပ်ငန်းမှတ်ပုံတင် ဒေတာဘေ့(စ်) (SBR) ကို အသုံးပြု၍ ကျပန်းရွေးချယ်ခဲ့ကြသည် (MOPF နှင့် UNESCAP, 2019 တွင်ကြည့်ပါ။) CSO နမူနာဘောင်မှရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းများသည်အနည်းဆုံး ဝန်ထမ်း ၄ ဦး ရှိရမည် ဖြစ်ပြီးယင်းတို့အနက်မှ အနည်းဆုံး တစ်ဦးမှာ လစာဖြင့်ခန့်သော ဝန်ထမ်းတစ်ဦး ဖြစ်ရပါမည်။ MBEI အချက်လက် ကောက်ယူရာတွင် အဓိကကဏ္ဍတွင် လုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းများ (စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့်သစ်တောများ) ကိုလည်းချန်လှပ်ထားသည်။ ကျန် MBEI စစ်တမ်းမှတွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းများမှ ကျန်ရှိသော စီးပွားရေးလုပ်ငန်း ၁၂၀၀ ကို ပထမအကြိမ် MBEI စစ်တမ်းမှ ကျပန်း ရွေးချယ်ခဲ့သည်။ Covid-19 စစ်တမ်း၏ပထမအကြိမ်ကို Covid-19 နှင့်ဆက်စပ်သောအသွားအလာရပ်တန့်သည့်ကာလနှင့် Covid-19 ပထမလှိုင်း၏ ကူးစက်မှုအမြင့်ဆုံး အချိန်အတွင်း (၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၈ မှ မေ ၁၀ ရက်အထိ) ကောက်ယူခဲ့ပြီး covid-19 ဒုတိယ အကြိမ် စစ်တမ်းအား ဒုတိယလှိုင်း အတွင်း (စက်တင်ဘာ ၂၈ မှအောက်တိုဘာ ၁၂ အထိ) စစ်တမ်းကောက်ယူခဲ့သည်။

## နမူနာကောက်ခြင်း

ပထမအကြိမ် Covid-19 စစ်တမ်းအတွက်စီးပွားရေးလုပ်ငန်း ၇၅၀ ကိုတွေ့ဆုံမေးမြန်းခဲ့သည်။ MBEI 2020 မှဖြေဆိုသူများကို နမူနာဘောင် (sample frame) ဖြင့် သတ်မှတ်၍ စီးပွားရေးလုပ်ငန်းများအား ကျပန်းရွေးချယ်ခဲ့သည်။ ဒုတိယ Covid-19 စစ်တမ်းအတွက် နမူနာရွေးချယ်ရာတွင် ယခင် ပထမအကြိမ် နမူနာစာရင်း နှင့်စီးပွားရေး လုပ်ငန်းများရွေးချယ်မှု အစီအစဉ်များအတိုင်း အတူတူပင်ဖြစ်သည်။ ချွင်းချက်မှာ ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းခြင်းအတွက် ဟန်ချက်ညီသော ပုံသေနမူနာ ဒေတာစု (balanced panel datasets) ကိုဖန်တီးရန် ပထမအကြိမ်တွင် အောင်မြင်စွာ တွေ့ဆုံမေးမြန်းခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဆက်သွယ်ခြင်းဖြစ်သည်။ ပထမအကြိမ်စစ်တမ်းမှအောင်မြင်စွာတွေ့ဆုံမေးမြန်းခဲ့သောစီးပွားရေးလုပ်ငန်း ၇၅၀ လုံး၏ စာရင်းကုန်သွားသည်နှင့်တစ်ပြိုင်နက်၊ ပထမအကြိမ်မှတွေ့ဆုံမေးမြန်းမှု မပြီးဆုံးခဲ့သော စီးပွားရေးလုပ်ငန်းများကို မူလက ကျပန်းရွေးချယ်ထားသည့် အစီအစဉ်အတိုင်း ၇၅၀ အထိ ပြီးဆုံးသည်အထိ ဆက်လက်မေးမြန်းပါသည်။ Covid 19 ဒုတိယအကြိမ် နမူနာတွင် နောက်ဆုံး ရလဒ်အနေဖြင့် ဖော်ပြရလျှင် စီးပွားရေးလုပ်ငန်း ၅၉၇ ခုကို ပထမအကြိမ်စစ်တမ်း၏ ၇၅၀ နမူနာမှ ရွေးချယ်ခဲ့ပါသည်။ ကျန်၁၅၃ ခုသည် MBEI 2020 အတွက် တွေ့ဆုံမေးမြန်းခဲ့သည့် နမူနာဖြစ်ပြီး Covid-19 ပထမအကြိမ် စစ်တမ်းတွင် မေးမြန်းခဲ့သူများ မဟုတ်ပါ။ တွေ့ဆုံမေးမြန်းမှုများအတွက် အောင်မြင်မှုမှာ ပထမအကြိမ် Covid-19 တွင် ၅၃ ရာခိုင်နှုန်းနှင့်ဒုတိယ အကြိမ် အတွက် ၆၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ အောင်မြင်သည့် အင်တာဗျူး ၇၅၀ ရရှိရန်အတွက် ပထမအကြိမ်စစ်တမ်းတွင် စီးပွားရေးလုပ်ငန်း ၁,၄၁၂ နှင့် ဒုတိယ အကြိမ်စစ်တမ်းတွင်စီးပွားရေး လုပ်ငန်း ၁,၂၂၇ တို့ကို ဆက်သွယ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

စီးပွားရေးတစ်ခုစီအတွက် မန်နေဂျာ သို့မဟုတ် ပိုင်ရှင်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဖြစ်နိုင်ခြေတစ်ခုမှာ တွေ့ဆုံမေးမြန်း ခံရသူသည် ပထမအကြိမ်စစ်တမ်းကောက်ယူစဉ် နှင့် (MBEI 2020) စစ်တမ်းကောက်ယူချိန်ကသူ တဦးတည်း ဖြစ်နိုင်သည်။ စစ်တမ်းများကို တယ်လီဖုန်းဖြင့် ကောက်ယူခဲ့သည်။ စာရင်းကောက်ယူသူများသည် စီးပွားရေးလုပ်ငန်းကို တယ်လီဖုန်းဖြင့် ဆက်သွယ်၍ မရပါကနောက်တစ်ကြိမ် ထပ်မံကြိုးစားသည်။ ငါးကြိမ်ကြိုးပမ်း၍ မအောင်မြင်ပါက ထိုစီးပွားရေးကို နမူနာစာရင်းမှ ပယ်လိုက်ပါသည်။ MBEI 2020 စစ်တမ်းနှင့်မတူဘဲ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင် ကိုယ်စားပြုနမူနာများ ရွေးချယ်ရန်ရန်ကြိုးပမ်းမှုမရှိခဲ့ပါ။ ယင်းအစားနမူနာများကို နိုင်ငံအဆင့် ကိုယ်စားပြုရန်သာပြုလုပ်ခဲ့သည်။ သို့သော်စီးပွားရေး လုပ်ငန်းများကို မတူညီသော ဖြစ်တန်စွမ်းရွေးချယ်မှုနှစ်ခုကို အသုံးပြု၍ ကွဲပြားသောအစုအဝေးကြီး နှစ်ခုအဖြစ် ခွဲခြားစုစည်းထားသည်။ ပထမအစုအဝေးသည် စုစုပေါင်းနမူနာ၏ ၆၀ ရာနှုန်းကိုကိုယ်စားပြုလျက် အလွန်အရေးကြီးသော စီးပွားရေး sector များကို ပိုမို၍ ရွေးချယ် ထားခြင်းဖြစ်ပြီး ၄၀ ရာနှုန်းကို ကျန်စီးပွားရေးလုပ်ငန်းများမှ ရယူသည်။ ပထမ အစုအဝေးအနေဖြင့် နမူနာပိုမိုယူထားခြင်း

၏ ရည်ရွယ်ချက်မှာ Covid-19 အားကွဲပြားခြားနားစွာ ပိုမိုတုန့်ပြန်မှုပြုနိုင်သော သော့ချက်ကျသည့် စက်မှုလုပ်ငန်းများ ဥပမာအားဖြင့် အထည်အလိပ်လုပ်ငန်း၊ စားသောက်ဆိုင်များနှင့် အရွယ်အစား အမျိုးမျိုးရှိသော စီးပွားရေးလုပ်ငန်းများတွင် ပါဝင်မှုသေချာစေရန် ဖြစ်သည်။ ယင်းသည်MBEI 2020 စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းအမျိုးအစား အပေါ်သက်ရောက်မှုရှိခဲ့ပြီး MBEI 2020 မှ စီးပွားရေး လုပ်ငန်း ၅၆၀၅ တွင် ၈၇ ခုသည် အစုအဝေးတစ်ခုမှ နောက်တစ်ခုသို့ပြောင်းရွှေ့ခဲ့သည်။ စုစုပေါင်းနမူနာဘောင် ၅၆၀၅ ကို အောက်ပါအတိုင်း အစုအဝေးနှစ်ခုအဖြစ် ခွဲထားသည်။

- အထူးစိတ်ဝင်စားမှုအုပ်စု (နမူနာ၏ ၆၀ ရာခိုင်နှုန်း, ၄၅၀ စီးပွားရေးလုပ်ငန်း) (နမူနာဘောင်တွင်ရှိသော စီးပွားရေးလုပ်ငန်းအရေအတွက်, n=၂၇၁၅), အောက်ဖော်ပြပါများ အပါအဝင်
  - ကုန်ထုတ်လုပ်ငန်း - အစားအစာနှင့်အဖျော်ယမကာ (n = ၅၆၇)
  - ကုန်ထုတ်လုပ်ငန်း- အထည်အလိပ်၊ အဝတ်အထည်နှင့်သားရေ (n = ၈၆)
  - တည်းခိုခန်းလုပ်ငန်းများ (n = ၁၉၈)
  - အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများ (n = ၉၅၈)
  - အနည်းဆုံး ဝန်ထမ်း ၂၀ ရှိသော အခြားစီးပွားရေး လုပ်ငန်းများ (n = ၃၃၂)

- MBEI ပထမနှင့် ဒုတိယ စစ်တမ်းတွင် ပါဝင်သော ဝန်ထမ်း ၂၀ ထက်နည်းသော အခြား စီးပွားရေး လုပ်ငန်းများ (n = ၅၇၄)

တစ်နိုင်ငံလုံးအတိုင်းအတာကို ခန့်မှန်းရန်အလို့ငှာ တုန့်ပြန်မှုများအားပြောင်းပြန် ဖြစ်နိုင်ခြေ အလေးတင်ကိန်းများကို အသုံးပြု၍ တွက်ချက်သည်။ အလေးတင်ကိန်း တွက်ချက်မှုများသည် MBEI 2020 စစ်တမ်းတွင် ရွေးချယ်ခံရရန်ဖြစ်တန်စွမ်း အတွက်ညှိနှိုင်းမှု၊ Covid-19 စစ်တမ်းများ၏ နမူနာဘောင်တွင် ရွေးချယ်ခံရရန်ဖြစ်တန်စွမ်း ညှိနှိုင်းမှုများနှင့် အထူးအစုဝေးနှစ်ခုမှ ရွေးချယ်ခံရခြင်းဖြစ်နိုင်ချေများအတွက် ညှိနှိုင်းမှုနှစ်ခုလုံးတွင်ပါဝင်သည်။ ရှင်းလင်းသော ဥပမာဖြင့်ပြရလျှင် MBEI 2020 ၏ ပုံသေနမူနာ panel စာရင်းမှစီးပွားရေးလုပ်ငန်း ၁,၂၀၀ မှကောက်နုတ်ထားသည့် စီးပွားရေးလုပ်ငန်းများမှ အလေးတင် ကိန်းတန်ဖိုးသည်ကျန်နမူနာ panel frame နှင့်ဆက်စပ်နေသည့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၏ အလေးတင်ကိန်း တန်ဖိုးနှင့်တူသည်။ ၎င်းသည် သေးငယ်ပြီး လက်ခံနိုင်သော ဘက်လိုက်မှုအမှားကိုသာ ဖြစ်စေနိုင်သည်။ ပြောင်းပြန်ဖြစ်နိုင်ခြေရှိသော အလေးတင်ကိန်းများသည် ကျပန်းရွေးချယ်မှုကို ပြုလုပ်ခဲ့သည့် ပထမအကြိမ်စစ်တမ်း အတွက်သတ်မှတ်ထားသည့်အတိုင်း အထူးအစုအဝေးများကို အသုံးပြု၍ တည်ဆောက်ခဲ့သည်။

အကယ်၍ ရလဒ်များအကြောင်း ရှင်းလင်းဖော်ပြထားခြင်းမရှိလျှင် ဤအစီရင်ခံစာမှ ရလဒ်များသည် အလေးတင်၍ ချိန်ညှိထားသော ရလဒ်များဖြစ်သည်။ ရလဒ်များမှာ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းစာရင်းမှတ်တမ်း (SBR) ရှိ စီးပွားရေးလုပ်ငန်းအားလုံးအပေါ်သက်ရောက်မှု၏ ခန့်မှန်းချက်ဖြစ်ပြီး လခစားဝန်ထမ်းတစ်ဦးအပါအဝင် အနည်းဆုံးဝန်ထမ်းလေးဦး ပါဝင်သည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ မြို့နယ်များရှိ စီးပွားရေးလုပ်ငန်းများအတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ (DAO) သို့မဟုတ် မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ခွင့်ပြုထားသော တရားဝင်စီးပွားရေးလုပ်ငန်း လိုင်စင်ရရှိထားသည့် SBR တွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအများစု ပါဝင်သည်။ ထို့အပြင်၎င်းတွင် DAO သို့မဟုတ် CDC မှ လိုင်စင်မရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦး စီးဌာန(DICA)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန (DISI) ကဲ့သို့သော စီးပွားရေးလုပ်ငန်းများ ပါဝင်သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု ဝန်ကြီးဌာန (MoPFI) မှပေးသော SME ကတ်။ တစ်နိုင်ငံလုံး SBR တွင်စီးပွားရေးလုပ်ငန်းပေါင်း ၂၂၇,၉၀၃ (MoPF နှင့် UNESCAP 2019) တို့ပါဝင်သည်။ MBEI 2020 စစ်တမ်းအပေါ် အခြေခံ၍ ၎င်းတို့အနက် ၆၁ ရာခိုင်နှုန်းသည် ဤစာတမ်း၏ အလုပ်အကိုင်သတ်မှတ်ချက် အယူအဆနှင့်ကိုက်ညီပြီး ၎င်းသည် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်း ၁၃၉၀၀၀ ခန့်နှင့် ညီမျှသည်။ ထို့ကြောင့် ရရှိသောနမူနာသည် ဤ ၁၃၉,၀၀၀ စီးပွားရေးလုပ်ငန်းများ၏ ကိုယ်စားပြုမှုဖြစ်သည်။

## သုတေသနမေးခွန်းလွှာ (Questionnaire)

Covid-19 စစ်တမ်း၏ ဒုတိယအကြိမ်အတွက် အသုံးပြုသောမေးခွန်းလွှာကို The Asia Foundation ဝက်ဘ်ဆိုက်မှ ကူးယူနိုင်သည်။[၆] ပထမအကြိမ် စစ်တမ်းကောက်ယူခြင်းအတွက် မေးခွန်းလွှာကို ပထမအကြိမ်အစီရင်ခံစာ (Asia Foundation, 2020) တွင်တွေ့နိုင်သည်။ ဒုတိယအကြိမ် မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစားသုံးမျိုးရှိသည်။ ပထမအချက်မှာစစ်တမ်း (၃) ခုစလုံးတွင်ပါဝင်သောမေးခွန်းများရှိသည်။ ဤမေးခွန်းများကို Q ကုဒ်များနှင့်အတူ မှတ်သားနေကြသည်။ ဒုတိယအချက်မှာ Covid-19 စစ်တမ်း ပထမနှင့်ဒုတိယအကြိမ် စစ်တမ်းနှစ်ခုစလုံးတွင်ပါဝင်ပြီး C code နှင့်မှတ်သားထားသော မေးခွန်းများနှင့် တတိယအချက်မှာ ဒုတိယအကြိမ် Covid-19 စစ်တမ်းတွင်ပါဝင်သော မေးခွန်းများဖြစ်ပြီး C သို့မဟုတ် D သင်္ကေတများနှင့် မှတ်သားထားသည်။ ပထမ

စစ်တမ်းတွင်  မပါသော အချက်အလက်များကို ဖြည့်စွက်ရန် ဒုတိယအကြိမ်စစ်တမ်းတွင် D မေးခွန်းတစ်ခု (D14) ကိုစီးပွားရေးလုပ်ငန်းသစ်များအားသာမေးခဲ့သည်။ Covid-19 စစ်တမ်းများ၏ပထမအကြိမ်တွင် ပါဝင်သည့်ရှည်လျားသည့် မေးခွန်းများကို ဒုတိယအကြိမ်တွင်စစ်တမ်းကောက်ယူမှုမှ သတင်းအချက်အလက်လိုအပ်ချက်များ ဦးစားပေးမှု အစီအစဉ်အရဖယ်ရှားခဲ့ပါသည်။ အထူးသဖြင့်အပိုင်း (၃)“ မြေယာပြသနာများနှင့်စီးပွားရေးအဆောက်အအုံများ” နှင့်အပိုင်း (၄)“ အခြေခံအဆောက်အအုံ” အပိုင်းအများစုကို ဖယ်ရှားပစ်လိုက်သည်။ စာရေးသူများက ဤမေးခွန်းများအပေါ် အခြားစစ်တမ်းကောက်ယူမှုက မေးခွန်းပုံစံတွင် ထည့်သွင်းထားသော မေးခွန်းသစ်များထက်အသုံးဝင်သော သတင်းအချက်အလက်များကိုသာ လျော့နည်းစေနိုင်သောကြောင့် ဖြစ်သည်။

## ပုံသေနမူနာသရုပ်ခွဲခြင်း(Panel data analysis)

စစ်တမ်းနှစ်ခု သို့မဟုတ် သုံးခုတွင် တစ်ခုတည်းသော တူညီသည့် စီးပွားရေးလုပ်ငန်းများမှ မေးခွန်းအချို့ကို ထပ်ခါတလဲလဲ မေးမြန်းခြင်းဖြင့် ပုံသေနမူနာ panel datasets တစ်ခု တည်ဆောက်ရန် ဖြစ်နိုင်ခဲ့သည်။ ဤအခြေအနေသည် စီးပွားရေးလုပ်ငန်းများ အခြေအနေ အပြောင်းအလဲများက ပိုပြီးတိကျသော ခွဲခြမ်းစိတ်ဖြာမှုများ ရရှိရန်ဖြစ်လာခဲ့ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း Covid-19 စစ်တမ်း၏ ပထမအကြိမ်အတွက် တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေး ၇၅၀ အနက် ၅၉၇ ကို ဒုတိယအကြိမ်တွင် ထပ်မံမေးမြန်းခဲ့သည်။ ထို့အပြင် Covid-19 စစ်တမ်းနှစ်ခုလုံးမှ စီးပွားရေး ၇၅၀ လုံးကို MBEI 2020 အတွက် တွေ့ဆုံမေးမြန်းခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျယ်ပြန့်သော အဓိပ္ပာယ်အရဆိုသော် ပုံသေနမူနာ panel data အချက်အလက် စုဆောင်းမှုတွင် စီးပွားရေးလုပ်ငန်း ၅၉၇ ခုပါဝင်ပါသည်။ သို့သော် ဤစံသတ်မှတ်ချက်ထက် ပိုမိုတိကျစွာချိန်ညှိထားသော panel အချက်အလက်များကို မေးခွန်း သို့မဟုတ် ကိန်းရှင်အဆင့်တွင်အသုံးပြုခဲ့ပါသည်။ သို့မှသာလျှင် ပုံသေနမူနာသည် မေးခွန်းသို့မဟုတ် ကိန်းရှင်အဆင့်တွင် ဟန်ချက်ညီမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်နေသော မေးခွန်း သို့မဟုတ် ကိန်းရှင်များအတွက် လေ့လာနေသော အချိန်အပိုင်းအခြား ၂ ခု သို့မဟုတ် ၃ ခုတွင်  ‘မသိသော’ သို့မဟုတ် “အဖြေပေးရန်ငြင်းဆန်ခြင်း” စသည့်တုံ့ပြန်မှုမရှိသည့်အချက်အလက်များအတွက် ‘အဖြေကွက်လပ် များဖြစ်ပေါ်ခဲ့ပါသည်။ထို့ကြောင့်ဤအဖြေကွက်လပ် များနှင့်ဆိုင်သောမှတ်သားထား ချက်များကို ထိုမေးခွန်းသို့မဟုတ် ကိန်းရှင်များ အတွက်သက်ဆိုင်ရာ စာရင်းမှ ဖြုတ်ချခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ပုံသေနမူနာ(panel) မှ ရလဒ်များပါဝင်သော စာရင်းအင်းဇယားများသည် ထိုကဲ့သို့ သော စံသတ်မှတ်ချက်များနှင့်အညီ တွက်ချက်ထားသော ရလဒ်များဖြစ်သည်ကို ရည်ညွှန်းသည်။ ခြွင်းချက်များမှာ စီးပွားရေးလုပ်ငန်းပေါင်း ၅၉၇ ခုရှိ ကျယ်ပြန့်သော ပုံသေ နမူနာမှ စီးပွားရေးလုပ်ငန်းများ အားလုံးပါဝင်သော မျှတမှုမရှိသော ပုံသေနမူနာရလဒ်များလည်း ရှိနိုင်ခြင်းဖြစ်သည်။ ယင်းရလဒ်များသည် အချိန်ကာလအချို့အတွက် တန်ဖိုးများကို ပျောက်ဆုံးနေသော်ငြား စီးပွားရေး လုပ်ငန်းပေါင်း ၅၉၇ ခုရှိ ကျယ်ပြန့်သော panel မှ စီးပွားရေးလုပ်ငန်းများ အားလုံးပါဝင်ပါသည်။

## ဘက်လိုက်မှားယွင်းမှုဖြစ်နိုင်သောအလားအလာ

စစ်တမ်းများ၏ ဒီဇိုင်းရေးဆွဲစဉ်အဆင့်တွင် မှားယွင်းဘက်လိုက်မှု အကြောင်းရင်းနှင့်ပတ်သက်၍ အဓိကစိုးရိမ်မှု တစ်ခုမှာ ပိတ်ထားသည့် စီးပွားရေးလုပ်ငန်းများသည် တယ်လီဖုန်းဖြင့် ဖြေကြားခြင်း မရှိခြင်းဖြစ်သည်။ ထိုသို့သော အခြေအနေများတွင် ဖုန်းခေါ်ဆိုခြင်းကို မတုံ့ပြန်ရသည့် အကြောင်းအရင်းမှာ စီးပွားရေးပိတ်နေခြင်းကြောင့် သို့မဟုတ် ပိုင်ရှင်သို့မဟုတ် ဝန်ထမ်းများဖုန်းကို မဖြေဆိုနိုင်လောက်အောင် အလုပ်များလွန်းခြင်း သို့မဟုတ် စီးပွားရေးပရဝုဏ်၏ အဝေးမှာရှိနေခြင်းကြောင့်ဆိုသည်များအား သိရန်ခက်ခဲသည်။ ပထမအကြိမ် စစ်တမ်းကောက်ယူရာတွင် ဤပြဿနာသည် မူလမျှော်မှန်းထားသည်ထက် နည်းပါးသည်။ အဆက်အသွယ်ရှိသည့် စီးပွားရေးလုပ်ငန်း ၁,၂၂၇ ခုတွင် ၉၀ (၇ ရာခိုင်နှုန်းသည် တယ်လီဖုန်းများ ပိတ်ထားပြီး ၉၅ (၈ ရာခိုင်နှုန်း) က ဖုန်းမဖြေခဲ့ပါ။ ဤအစီရင်ခံစာတွင် တင်ပြထားသော ရလဒ်များသည် အောင်မြင်သော တွေ့ဆုံမေးမြန်းခြင်းများသာ ပါဝင်ပြီး ဘက်လိုက်မှုအမှားများကို ပြင်ဆင်တွက်ချက်ခဲ့ခြင်းမရှိပါ။ ဆိုလိုသည်မှာ ရလဒ်များသည် အခြေအနေမှန်ထက်ပို၍ အကောင်းမြင်ပုံရသည်။ ဥပမာအားဖြင့်၊ ပိတ်လိုက်သော စီးပွားရေး အရေအတွက်ကို လျှော့တွက်ခြင်း၊ အလုပ်မှထုတ်ပယ်ခံရသော ဝန်ထမ်းအရေအတွက်ကို လျှော့တွက်ခြင်းဖြစ်များ ဖြစ်နိုင်သည်။

ပထမအကြိမ် Covid-19  စစ်တမ်းအစီရင်ခံစာတွင် ဤဘက်လိုက်မှု၏ ခန့်မှန်းချက်ပါရှိသည် (၂၀၂၀၊အာရှဖောင်ဒေးရှင်းတွင် ရှု)။ ပထမအကြိမ်စစ်တမ်းတွင် စီးပွားရေးလုပ်ငန်း ၁၉၈ ခုသည် အကြောင်းပြချက်တစ်ခုတည်းဖြင့်မပါဝင်ခဲ့ပါ။ ပထမအကြိမ် စစ်တမ်း စစ်တမ်းအစီရင်ခံစာတွင် ဤဘက်လိုက်မှု ပမာဏအား Covid-19 ကြောင့် စီးပွားရေးလုပ်ငန်းများအားလုံးကို ပိတ်ထားသည်ဟု ယူဆခြင်းဖြင့် ခန့်မှန်းခဲ့သည်။ သို့သော်ပုံမှန်အခြေအနေမျိုး၌ပင်၊ ဖုန်းကိုကိုင်နေခြင်းသို့မဟုတ် ဖုန်းပြတ်ခြင်းမရှိသောစီးပွားရေးလုပ်ငန်းများ ရှိလိမ့်မည်ဖြစ်သောကြောင့် ၎င်းသည်လက်တွေ့ကျသော ယူဆချက်ဖြစ်ရန် တစ်ခါမျှမရည်ရွယ်ခဲ့ပါ။ ရည်ရွယ်ချက်မှာ

ထိုကဲ့သို့သော ဘက်လိုက်မှုားယွင်းမှု၏ အများဆုံးဖြစ်နိုင်ခြေ အလားအလာ အားတိုင်းတာခန့်မှန်းရန်ဖြစ်သည်။ ဒုတိယအကြိမ်စစ်တမ်း၏ အချက်အလက်များကို ရရှိနိုင်ပြီဖြစ်သောကြောင့် ဤယူဆချက်ကို ပြန်လည်ကြည့်ရှုနိုင်ပြီဖြစ်သည်။ လုပ်ငန်း ၁၉၈ ခု အနက် ၁၆၀ ကို ဒုတိယအကြိမ်စစ်တမ်း အတွက် ပြန်လည်ဆက်သွယနိုင်ခဲ့သည်။ ဤအချိန်တွင် ဤစီးပွားရေး လုပ်ငန်းအများစုအား အောင်မြင်စွာ ဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။ (ဇယား၁ တွင်ကြည့်ပါ) ဒုတိယအကြိမ်စစ်တမ်းမှ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ဖုန်းကို "မတုံ့ပြန်ကြပါ" သို့မဟုတ် ၎င်းတို့၏ ဖုန်းကို အမြဲတမ်းပိတ်ထားခြင်းမှာ ၄၇.၅. ရာခိုင်နှုန်း ဖြစ်သည်။ အဆိုပါစီးပွားရေး လုပ်ငန်းများပင်လျှင် အမြဲတမ်းပိတ်ထားခြင်းထက် ဖုန်းခေါ်ဆိုမှုအား ပြန်မဖြေရသည့် တခြားအကြောင်းပြချက်များ ရှိနိုင်ပါသည်။ လက်ရှိတွေ့ရှိချက်များအား ပြန်ပြောင်း၍ သုံးသပ်မှုအရ ဘက်လိုက်မှု၏ ပြင်းအားကို ပထမ အကြိမ်စစ်တမ်း၏ အစီရင်ခံစာတွင် ပိုမို၍ကောက်ချက်ချခဲ့ပါသည်။

**ဇယား ၁။**

ပထမအကြိမ်စစ်တမ်းကောက်ယူနေစဉ် ဖုန်းများပိတ်ထားခြင်းသို့မဟုတ် ဖြေကြားခြင်းမရှိသော စီးပွားရေး လုပ်ငန်းများ

| ရလဒ် | စီးပွားရေးလုပ်ငန်းစုစုပေါင်း |
|---|---|
| မေးမြန်းရန်ရက်ချိန်းကိုနောက်ကျတောင်းခံခဲ့သော်လည်းနောက်ဆုံးတွင်တွေ့ဆုံ မေးမြန်းခြင်းမပြုခဲ့ရပါ | ၁၀ |
| ဖုန်းမကိုင်ခြင်း | ၃၁ |
| ဖုန်းမအားခြင်း | ၆ |
| ဆက်သွယ်မှုဧရိယာပြင်ပရောက်ရှိနေခြင်း | ၁၆ |
| ဖုန်းပိတ်ထားခြင်း | ၄၅ |
| ဖြေဆိုရန်ငြင်းဆိုခြင်း | ၁၇ |
| ချောမောအောင်မြင်စွာမေးမြန်းနိုင်ခြင်း | ၃၅ |
| စုစုပေါင်း | ၁၆၀ |

နောက်ထပ်ဖြစ်နိုင်ချေရှိသော အားနည်းချက်တစ်ခုမှာ ပထမအကြိမ်စစ်တမ်းကောက်ယူခဲ့သည့် အချိန်သည် သင်္ကြန် (နှစ်သစ်) အားလပ်ရက်အပြီး တိုတောင်းသော အချိန်ကာလအတွင်းဖြစ်ခြင်းကြောင့် ဖြစ်သည်။ ပုံမှန်အခြေအနေများတွင်မှာပင် အားလပ်ရက်ကာလများ၌ စီးပွားရေးလည်ပတ်မှုသည် ရာသီအချိန် ကာလအလိုက် အကျိုးသက်ရောက်မှု ရလဒ်များ ကွဲပြားခြားနားပြီး ခွဲခြမ်းစိတ်ဖြာ ရန်ခက်ခဲသောရလဒ် ဖြစ်ပေါ်စေနိုင်ပါသည်။ ၂၀၂၀ ခုနှစ်တွင်အစိုးရကသင်္ကြန်အားလပ်ရက် (ဧပြီ ၁၀ မှ ၁၉) အတွင်း နေအိမ်တွင် နေထိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းသည်သင်္ကြန်ကာလ၏ ပိုမိုရှုပ်ထွေးသော အကျိုးသက်ရောက်မှု ရလဒ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။

# အခန်းဆုံးမှတ်စု

၁။ လူအများပိုင်ဆိုင်သော လုပ်ငန်းမဟုတ်ဘဲအမျိုးသားတစ်ဦး (သို့) အမျိုးသမီးတဦးတည်း ပိုင်ဆိုင်သော လုပ်ငန်းကို ရည်ညွှန်းသည်။

၂။ ဤတွက်ချက်မှုအား ခန့်မှန်းနိုင်ရန်အတွက် ပြတ်ကိန်းရှင်ကိန်းဂဏန်းများအား ရာခိုင်နှုန်း တန်ဖိုးသို့ ပြောင်းလဲတွက်ချက်ပါသည်။ ရောင်းအား၏ ရာခိုင်နှုန်း အလယ်ကိန်းကို ကိုယ်စားပြုရန်နှင့် COVID-19 မတိုင်မီ အခြေအနေအား နှိုင်းယှဉ်ရန်အတွက်ဖြစ်ပါသည်။ ကိန်းရှင် ၂ ခု ပါသော အဖြောင့်ကြောင်းကျိုးစိစစ်ခြင်းအား အနည်းဆုံး ၂ထပ်ကိန်းနည်းလမ်းဖြင့် လုပ်ဆောင်ပါသည်။ ဤကိန်းရှင်သစ်အား မှီကိန်းရှင်အဖြစ် အသုံးပြု၍ မြို့နယ်တွင်ရှိသော လူဦးရေ ၁၀,၀၀၀ တွင် တွေ့ရှိရသည့် အတည်ပြု လူနာအရေအတွက်အား လွတ်ကိန်းရှင်ဖြင့် သတ်မှတ်ပါသည်။ (အောက်တိုဘာ ၂၇ ရက်၊ ၂၀၂၀၊ ၂၀၁၆-၂၀၁၇ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) www.mohs.gov.mm ၏ မြို့နယ် လူဦးရေကိန်းဂဏန်းမှ)။ လူ ၁၀,၀၀၀ တွင် ဖြစ်ပွားသော ရောဂါဖြစ်သူအရေအတွက်၏ မြောက်ဖော်ကိန်းမှာ (-) ၁၃.၄၉ ဖြစ်ပြီး p-value (လွဲမှားနိုင်ခြေဖြစ်တန်စွမ်း) မှာ ၀.၀၀၃ ဖြစ်သည်။ discrete variable ၏ ကန့်သတ်ချက်ကို သတိပြုရမည်ဖြစ်ပါသည်။

၃။ အာရှဖောင်ဒေးရှင်းသည် MBEI 2020 အချက်အလက်များမှ ကျားမ ခွဲခြားမှုဆိုင်ရာ၊ တွေ့ရှိချက်များကို ပြုလုပ်နေပြီး လာမည့်ပုံနှိပ်ထုတ်ဝေမှုတွင်တင်ပြပါမည်။

၄။ တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းများအားလုံးသည် ချေးငွေရရှိရန် မသင့်လျော်ပါ။ သို့သော် သို့သော် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာန၏ အလုပ်အကိုင် အရွယ် အစားသတ်မှတ်ချက်ကိုအသုံးပြုပါက တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကျော်ကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်သည်။ ဆိုလိုသည်မှာ နမူနာတွင်ရှိသော လုပ်ငန်းအနည်းငယ်သာလျှင် မသင့်လျော်ခြင်းဖြစ်သည်။ (https://msmewebportal.gov.mm/contents/sme-definition)။

၅။ MBEI 2020 နှင့်ပထမ Covid-19 စစ်တမ်းအကြား ပြောင်းလဲမှုသည်စာရင်းအင်းကိန်းဂဏန်း အရသိသာမှုမရှိသော်ငြား ပထမစစ်တမ်းနှင့် ဒုတိယစစ်တမ်းနှစ်ခုအကြားတိုးတက်မှုမှာတွေ့ရသည်။

၆။ www.asiafoundation.org

The Asia Foundation

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေ ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေး အခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်မားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုစာတမ်းကို ရယူလိုပါက myanmar.general@asiafoundation.org သို့ ဆက်သွယ်နိုင်ပါသည်။ အကြံပြုသဘောထား မှတ်ချက်များကိုလည်း လှိုက်လှဲစွာ ကြိုဆိုပါသည်။